ပေသနိမြန်မာစာပေ

ရှင်ပေရှသြဝါဒစာ ဒုတိယစောင်

# ကတိတော်နှင့်အညီ
# မျှော်လင့်ခြင်း

သောမတ်(စ်)ဇာတီလ်

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသည့်ခုနှစ် | - | ၂၀၂၃၊ မတ်လ။ |
| ထုတ်ဝေသူ | - | ဦးသောမတ်(စ်)ဇာတီလ် (၀၂၇၄၈)၊ ပေသနိမြန်မာစာပေ၊ ၁၁၂/ခ၊ အထက်မင်းကြီးလမ်း၊ အရှေ့ရွာမ၊ အင်းစိန်၊ ရန်ကုန်။ |
| ပုံနှိပ်ခြင်း | - | နှစ်ခြင်းပုံနှိပ်တိုက် ၁၄၃၊ မင်းရဲကျော်စွာလမ်း၊ ၈-ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| တည်းဖြတ်သူ | - | မ လွမ်းသူ (ပဲခူး) |
| မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း | - | လင်းအောင် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | |
| အကြိမ် | - | ပထမအကြိမ် |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| စာရေးသူ၏အမှာစာ | ၂ |
| အခန်း (၁) | ၄ |
| အခန်း (၂) | ၃၉ |
| အခန်း (၃) | ၇၄ |

ပေသနိမြန်မာစာပေ

# အခန်း (၁)

## နှုတ်ခွန်းဆက်သခြင်း

> ယေရှုခရစ်၏ ကျွန်နှင့် တမန်တော်ဖြစ်သော ငါရှိမုန်
> ပေတရုသည် ကယ်တင်ရှင် ယေရှုခရစ်နှင့် ငါတို့
> ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားကို ငါတို့
> ယုံကြည်သည်နည်းတူ၊ မြတ်စွာသော ယုံကြည်ခြင်းကို
> ရသော သူတို့အား ကြားလိုက်ပါ၏။ ဘုရားသခင်
> ကိုငှင်း၊ ငါတို့သခင်ယေရှုကိုငှင်း၊ သိသောဉာဏ်အား
> ဖြင့်၊ ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင်တို့
> ၌ များပြားပါစေသော။ (၂ပေ ၁း၁-၂)

**ယေရှုခရစ်၏ကျွန်၊ တမန်တော် ငါရှိမုန်ပေတရု. . .**

၁။ ပေတရုသည် သခင်ယေရှုခရစ်တော်၏ -

- က။ နောက်လိုက်တစ်ပါး ဖြစ်သည်။
- ခ။ ကျွန် (အစေခံကျွန်) ဖြစ်သည်။
- ဂ။ တမန်တော် (စေလွှတ်ခံသောသူ) ဖြစ်သည်။

၂။ ပေတရုသည် လက်ရှိအချိန်၌ ယေရုရှလင်အသင်းတော်၏ အဖသင်းအုပ် ဖြစ်သည်။

**ကယ်တင်တော်မူသောအရှင်. . .**

၁။ သခင်ယေရှုသည် -

- က။ ခရစ်တော် (မေရှိယ) ဖြစ်သည်။
- ခ။ ကယ်တင်ရှင် ဖြစ်သည်။

ဂ။ ငါတို့ (ယုံကြည်သူခရစ်ယာန်တို့) ၏ ဘုရားသခင် ဖြစ်သည်။
၂။ သခင်ယေရှုသည် ဖြောင့်မတ်ခြင်းတရားကို ဆောင်ကြဉ်းပေးသည်။
ကျ။ သခင်ယေရှုအားဖြင့်သာ ဖြောင့်မတ်ရာသို့ ရောက်နိုင်သည်။
(ယောဟန် ၅း၂၄)
ခ။ ကျွန်တော်တို့အားလုံးသည် ခရစ်တော်ကို ကယ်တင်ပိုင်ရှင်နှင့်
အသက်သခင်အဖြစ် ယုံကြည်ကြသည်။

**မြတ်စွာသော ယုံကြည်ခြင်း. . .**

၁။ ဤယုံကြည်ခြင်းသည် ဘုရားသခင်၏ အခွင့်မပါဘဲ မဖြစ်နိုင်။
၂။ ဘုရားသခင်သည် -
က။ အကျွန်ုပ်တို့၏ ကယ်တင်ခြင်းကို ကမ္ဘာမတည်မရှိမီကတည်းက
ကြိုတင်ကြံစည်တော်မူသည်။ (ဧဖက် ၁း၁-၄)
ခ။ တစ်ဦးတည်းသော သားတော်ကို ပေးသနားတော်မူသည်။
(ယောဟန် ၃း၁၆)
ဂ။ သခင်ခရစ်တော်သည် အပြစ်၏အဖိုးအခကို အသေခံခြင်းဖြင့် ပေး
ဆပ်၍ ယုံကြည်သူတို့အား ထာဝရအသက်ပေးသည်။
(ရောမ ၆း၂၃)
၃။ ခရစ်တော်ပေးသနားတော်မူသော ကယ်တင်ခြင်းသည် တန်ဖိုးမဖြတ်
နိုင်သောအရာဖြစ်သည်။
၄။ ခရစ်တော်ကို အမှန်ယုံကြည်ခွင့် ရခြင်းသည် အလွန်မြင့်မြတ်ပေသည်။
၅။ ထို့ကြောင့် ဤယုံကြည်ခြင်းသည် အကယ်စင်စစ်ကြီးမြတ်ပေသည်။
က။ မိမိ၏အစွမ်းအားဖြင့် ရရှိသော ယုံကြည်ခြင်း မဟုတ်။
ခ။ ကျေးဇူးတော်ကြောင့် ရသော ယုံကြည်ခြင်း ဖြစ်သည်။
(ဧဖက် ၂း၈)

**ဘုရားသခင်ကိုငှင်း၊ ငါတို့သခင်ယေရှုကိုငှင်း. . .**

၁။ ဘုရားသခင်ကို သခင်ခရစ်တော်အားဖြင့် သိနိုင်သည်။

၂။ သခင်ခရစ်တော်ကိုလည်း ခမည်းတော်ဘုရားသခင်အားဖြင့် သိနိုင်သည်။

၃။ သခင်ယေရှုကို အမှန်သိသောသူသည် ခမည်းတော်ဘုရားသခင်ကို အမှန်သိလိမ့်မည်။ (လုကာ ၁၀း၂၂ )

၄။ ဤဉာဏ်အားဖြင့် (ဘုရားသခင်နှင့်ခရစ်တော်ကို သိသောဉာဏ်)-

က။ ကျေးဇူးတော်နှင့်

ခ။ ငြိမ်သက်ခြင်း တိုးပွားနိုင်သည်။

၅။ ယုံကြည်သူတို့သည် ဘုရားသခင်ကို ပို၍သိလေလေ၊ ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းတို့ကို ပို၍လေးနက်စွာ သိမြင်ခံစားလာလေလေ ဖြစ်သည်။

၆။ ပေတရုသည် သင်းအုပ်ပီပီ စာဖတ်ပရိသတ်များအတွက် အထက်ပါအတိုင်း ဆုတောင်းပေးလျက် ဤဒုတိယစာစောင်ကို ပေးပို့လိုက်သည်။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ အကျွန်ုပ်တို့သည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်သာ သခင် ခရစ်တော်ကို ယုံကြည်နိုင်ကြသည်။

၂။ အကျွန်ုပ်တို့သည် ဘုရားသခင်၏ကျေးဇူးတော်နှင့် ကင်းသောအမှုတစ်စုံတစ်ခုကိုမျှ မတတ်နိုင်ကြပါ။

၃။ ထို့ကြောင့် ယုံကြည်သက်ဝင်မှုသည် လူတို့ပြုသောကောင်းသောအကျင့် (ဝါ) ကုသိုလ် မဟုတ်ပါ။ မိမိတို့၏ ယုံကြည်ခြင်းကြောင့် လုံးဝ မဝါကြွားသင့်ပေ။

၄။ ဘုရားသခင်နှင့် သခင်ဘုရား (ခရစ်တော်ဘုရား) ကို ပို၍သိကျွမ်း
ခြင်းသည် ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းကို ထပ်၍ တိုးပွားစေသည်။
၅။ ဘုရားသခင်သည် မိမိထံ၌ စိတ်နှလုံးတည်ကြည်စွာ ခိုလှုံသောသူတို့ကို
ငြိမ်သက်ခြင်းပေးတော်မူသည်။ (ဟေရှာ ၂၆း၂-၃)

## ဘုရားတန်ခိုးတော်

> ထိုသို့နှင့်အညီ ငါတို့ကို ဘုန်းတန်ခိုးတော်နှင့် ခေါ်တော်မူသော ဘုရားကို သိသောဉာဏ်အားဖြင့်၊ ငါတို့အား အသက်ရှင်ခြင်း၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းနှင့် စပ်ဆိုင်သော အရာရှိသမျှတို့ကို ဘုရားတန်ခိုးတော်သည် ပေးသနားတော်မူပြီ။ (၂ပေ ၁း၃)

**ထိုသို့နှင့်အညီ ငါတို့ကို. . .**

၁။'ထိုသို့နှင့်အညီ' သည် -

က။ အထက်က ဘုရားသခင်နှင့် သခင်ခရစ်တော်အားဖြင့် တိုးပွားခြင်းရှိသော ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းအကြောင်းကို ရည်ညွှန်းသည်။

ခ။ ထိုသို့ ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် ယုံကြည်သူစာဖတ်ပရိတ်များအပေါ်၌ များပြားလာသည်နှင့်အမျှ ဟုဆိုလိုသည်။

၂။ ဘုရားသခင်နှင့် သခင်ခရစ်တော်ကို သိကျွမ်းသောပဉာဏ်အားဖြင့် -

က။ ကျေးဇူးတော်၊

ခ။ ငြိမ်သက်ခြင်းနှင့်

ဂ။ တန်ခိုးတော်၏အစွမ်း စသည်တို့ကို ရရှိခံစားမည် ဖြစ်သည်။

၃။ ထိုတန်ခိုးတော်သည် -

က။ ခမည်းတော်ဘုရားသခင်၏ တန်ခိုးတော်ဖြစ်သည်။

ခ။ ကျွန်ုပ်တို့ကို ဘုန်းတော်နှင့်ခေါ်တော်မူသော ဘုရားသခင်၏တန်ခိုးတော်၏ ဖြစ်သည်။

**ဘုရားသခင်ကို သိသောဉာဏ်အားဖြင့်. . .**

၁။ 'ဘုရားသခင်' သည် -

က။ ခမည်းတော်ဘုရားသခင်၊

ခ။ ကျွန်ုပ်တို့ကို ဘုန်းတော်နှင့် ခေါ်တော်မူသောသူ ဖြစ်သည်။

၂။ 'သိသောဉာဏ်' (ဂရိ-epignosis/epignoseos) သည် -

က။ အပြည့်အဝ သိကျွမ်းခြင်း နှင့်

ခ။ လုံလောက်ပြည့်စုံသော အသိဉာဏ် စသည်တို့ဖြစ်သည်။

၃။ ဘုရားသခင်ကို အပြည့်အဝ သိကျွမ်းခြင်းသည်ယုံကြည်သောသူတို့အသက်တာ၌ အောက်ပါအကျိုးကျေးဇူးတို့ကို ပြုစုတတ်သည်။

က။ အသက်ရှင်ခြင်း၊

ခ။ ဘုရားဝတ်၌ မွေ့လျော်ခြင်းနှင့် စပ်ဆိုင်သောအရာတို့ကို ထိုတန်ခိုးတော်သည် ပေးတော်မူသည်။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ ဘုရားသခင်၏ တန်ခိုးတော်သည် -

က။ အသက်ရှင်ခြင်း (ယခုနှင့် နောင်တမလွန်ဘဝ၌ ရှင်သန်ခြင်း)၊

ခ။ ဘုရားဝတ်၌ မွေ့လျော်ခြင်းနှင့်စပ်ဆိုင်သော အရာရှိသမျှတို့ကို ကျွန်ုပ်တို့အား ပေးသနားတော်မူသည်။

၂။ 'ပေးသနားတော်ပြီ' (ဂရိ-doreomai/dedoremenes) သည်-

က။ perfect tense ဖြင့်ရေးသားထားသည်။ ဆောင်ရွက်ပြီးသောအရာဖြစ်ကြောင်း ထင်ရှားစေသည်။

ခ။ အခမဲ့၊ အကြောင်းမဲ့ ပေးသည်၊

ဂ။ မေတ္တာသက်သက်ဖြင့် ပေးသည် စသည်တို့ဖြစ်သည်။

၃။ ဘုရားသခင်၏တန်ခိုးမပါဘဲ အဘယ်သူမျှ -

က။ အသက်မရှင်နိုင်၊

ခ။ ဘုရားတရား၌ မွေ့လျော်နိုင်မည် မဟုတ်။

၄။ ရှင်သန်ခြင်းမှန်သမျှ (ယခုဘဝနှင့် နောင်ဘဝ)နှင့် ဘုရားဝတ် (ဘုရားသခင်အား ကိုးကွယ်ခြင်းနှင့် သူ၏အစေကိုခံခြင်း) ၌မွေ့လျော်ခြင်းသည် ဘုရားသခင်၏ ဘုန်းတန်ခိုးတော်ကြောင့် ဖြစ်သည်။

၅။ စစ်မှန်သောယုံကြည်သူတိုင်း၌ ထိုဘုရားသခင်၏ ဘုန်းတန်ခိုးတော် ထင်ရှားခြင်း ရှိရမည်။ တစ်နည်းအားဖြင့်ဆိုသော် ခရစ်ယာန်တိုင်း

က။ မှန်ကန်စွာ အသက်ရှင်နိုင်ရမည်။

ခ။ ဘုရားသခင်ကို ကိုးကွယ်၍ သူစေခိုင်းသောအမှုတို့ကို ဆောင်ရွက်နေရမည်။

ဂ။ သို့မဟုတ်လျှင် မိမိကိုယ်ကို စစ်ဆေးကြပါစို့။(ယောဟန် ၈း၄၁-၄၇)

## ဘုရားပကတိကို ဆက်ဆံခြင်း

> ထိုသို့သော အားဖြင့်လည်း အလွန်ကြီးမြတ်၍အဘိုး
> ထိုသောကတိတော်များကို ငါတို့၌ အပ်ပေးတော်မူပြီ။
> အကြောင်းမူကား၊ ထိုကတိတော်များကို အမှီပြု၍
> သင်တို့သည် လောကီတပ်မက်ခြင်း အညစ်အကြေး
> နှင့် ကင်းလွတ်သဖြင့်၊ ဘုရားပကတိကို ဆက်ဆံရ
> သောသူ ဖြစ်ကြမည် အကြောင်းတည်း။
> (၂ပေ ၁း၄)

**ထိုသို့သော အားဖြင့်. . .**

၁။ 'ထိုသို့သောအားဖြင့်' သည် -

က။ ဘုရားသခင်၏ဘုန်တန်ခိုးတော်ကို ရည်ညွှန်းသည်။

ခ။ ထိုတန်ခိုးတော်သည် -

- အသက်ရှင်ခြင်း၊
- ဘုရားဝတ်၌မွေ့လျော်ခြင်း စသည်တို့ကို ပေးတော်မူသည်။

(၂ ပေ ၁း၃)

၂။ ထိုတန်ခိုးတော်၏ အစွမ်းအားဖြင့် -

က။ နောက်ထပ် ဆောင်ရွက်သောအမှုရှိသည်။

ခ။ ၄င်းမှာ အလွန်အဖိုးကြီးသော ကတိတော်များကို အကျွန်ုပ်တို့အား ပေးသနားတော်မူသည်။

**အလွန်ကြီးမြတ်၍အဘိုးထိုက်သောဂတိများ. . .**

၁။ ဤကတိတော်များသည် ဘုရားသခင်၏နှုတ်ထွက်စကားများဖြစ်ကြသည်။

၂။ တနည်းအားဖြင့်ဆိုသော်၊ ဘုရားသခင်၏ကတိတော်များသည် ကျမ်းစာ၌ ဖော်ပြထားသည်။

က။ အဖိုးကြီးသော (ဂရိ-timia) ကတိတော်များ ဖြစ်ကြသည်။

ခ။ ကြီးမြတ်သော (ဂရိ- megistra) ကတိတော်များ ဖြစ်ကြသည်။

၃။ ထိုဘုရားသခင်၏ ကတိတော်များသည် သခင်ခရစ်တော်၌ ပြည့်စုံကြသည်။ (၂ ကော ၁း၁၉-၂၀)

၄။ ထိုကတိတော်များကို ဘုရားသခင်သည် အကျွန်ုပ်တို့အား အပ်ပေးတော်မူသည်။

၅။ အကြောင်းမှာ ထိုကတိတော်များအားဖြင့် -

က။ လောကီတပ်မက်ခြင်း အညစ်အကြေးနှင့်ကင်းလွတ်၍၊

ခ။ ဘုရားပကတိကို ဆက်ဆံရသောဖြစ်ကြရန် ဖြစ်သည်။

**ဘုရားပကတိကို ဆက်ဆံခြင်း**

၁။ ဘုရားပကတိ (ဂရိ-phusis) သည် -

က။ မူလသဘာဝ၊

ခ။ မွေးရာပါသဘာဝ၊

ဂ။ ဇာတိပကတိ စသည်တို့ဖြစ်သည်။

၂။ ဆက်ဆံ (ဂရိ-koinonos/koinonoi) သည် -

က။ မျှဝေသူ၊

ခ။ မိတ်ဖွဲ့သူ၊

ဂ။ အစုစပ်ပါဝင်သူ၊ စသည်တို့ဖြစ်သည်။

၃။ ယုံကြည်သူတိုင်းသည် ဘုရားသခင်၏ကတိတော်များအားကို -
က။ ယုံကြည်လက်ခံခြင်းအားဖြင့်လည်းကောင်း၊
ခ။ အမှန်ဝန်ခံခြင်းအားဖြင့်လည်းကောင်း၊
ဂ။ မိမိတို့အသက်တာ၌ စုံလင်စေခြင်းအားဖြင့်လည်းကောင်း
ဘုရားသခင်နည်းတူ ဖြစ်လာကြရမည် ဖြစ်သည်။
၄။ ထိုမှသာလျှင် ဘုရားသခင်၏ပုံသဏ္ဍာန်တော်ကို ရုပ်လုံးဖော်နိုင်ကြမည် ဖြစ်သည်။

**ဆင်ခြင်နှုလုံးသွင်းခြင်း**

၁။ ဘုရားသခင်သည် သူ၏ကတိတော်များကို ကျွန်ုပ်တို့အား ပေးအပ်တော်မူသည်။
၂။ ထို့ကြောင့် ထိုကတိတော်များကို ယုံကြည်ဝန်ခံလျက် အမှီပြုကြရမည်မှာ ကျွန်ုပ်တို့၏ အငန်းအတာ ဖြစ်သည်။
၃။ ဘုရားသခင်၏ ကတိတော်များကို မိမိအသက်တာဖြင့် စုံလင်စေခြင်းသည် ဘုရားသခင်၏ အလိုတော် ဖြစ်သည်။
၄။ ထိုမှသာ ကျွန်ုပ်တို့သည် သန့်ရှင်း၍ ဘုရားသခင်နှင့် ပကတိဆက်ဆံရသောသူများ ဖြစ်နိုင်မည် ဖြစ်သည်။
၅။ ဘုရားသခင်၏ပကတိနှင့်ဆက်ဆံသောသူသည် -
က။ ဘုရားသခင်ကဲ့သို့ ဖြစ်သည်။
ခ။ ခရစ်တော်၏ စိတ်သဘောကို ပိုင်ဆိုင်သည်။
ဂ။ ထာဝရရှင်သန်သောသူ ဖြစ်လာသည်။

## ပါရမီရှစ်ပါး

> ထိုသို့အလိုငှါ၊ သင်တို့သည် ယုံကြည်ခြင်း၌သီလကို ငှင်း၊ သီလ၌ ပညာကိုငှင်း၊ ပညာ၌ ကာမဂုဏ် ချုပ်တည်းခြင်းကိုငှင်း၊ ကာမဂုဏ် ချုပ်တည်းခြင်း၌ သည်းခံခြင်းကိုငှင်း၊ သည်းခံခြင်း၌ ဘုရားဝတ်ကိုပြုခြင်းကိုငှင်း၊ ထိုမွေ့လျော်ခြင်း၌ ညီအစ်ကို စုံမက်ခြင်းကိုငှင်း၊ ညီအစ်ကိုစုံမက်ခြင်း၌ ချစ်ခြင်းမေတ္တာကိုငှင်း၊ အလွန်ကြီးစွာ အားထုတ်၍ ထပ်ဆင့်ကြလော့။ (၂ပေ ၁း၅-၇)

**ထိုသို့အလိုငှါ**

၁။ လောကီအညစ်အကြေးနှင့်ကင်းလွတ်သောသူ ဖြစ်ဖို့ရန်နှင့်
၂။ ဘုရားပကတိကို ဆက်ဆံသောသူဖြစ်ဖို့ရန် ဖြစ်သည်။
၃။ ထိုသို့သောသူ ဖြစ်လာကြစေရန် လုပ်ဆောင်ရမည့်အရာများမှာ -
- က။ ယုံကြည်ခြင်း၌ သီလကို ငှင်း၊
- ခ။ သီလ၌ ပညာကို ငှင်း၊
- ဂ။ ပညာ၌ ကာမဂုဏ်ချုပ်တည်းခြင်းကို ငှင်း၊
- ဃ။ ကာမဂုဏ်ချုပ်တည်းခြင်း၌ သည်းခံခြင်းကို ငှင်း၊
- င။ သည်းခံ၍ ဘုရားဝတ်၌ မွေ့လျော်ခြင်းကို ငှင်း၊
- စ။ ဘုရားဝတ်၌ မွေ့လျော်ခြင်း၍ ညီအစ်ကိုစုံမက်ခြင်းကို ငှင်း၊
- ဆ။ ညီအစ်ကိုစုံမက်ခြင်း၌ ချစ်ခြင်းမေတ္တာကို ငှင်း အလွန်ကြိုးစား အားထုတ်၍ ထပ်ဆင့်ကြရမည်။

**အလှန်ကြိုးစားအားထုတ်၍ ထပ်ဆင့်ကြလော့**

၁။ ထပ်ဆင့် (ဂရိ-epichoregeo/epichoregesate) သည် -

က။ အလှုဆင်သည်၊

ခ။ လိုအပ်သည်များကို ဖြည့်စွက်ပေးသည်၊

ဂ။ အပြည့်အဝ ပံ့ပိုးသည် စသည်တို့ဖြစ်သည်။

၂။ အထက်က ဖော်ပြသောအချက်များကို စိတ်အားထက်သန်စွာ တစ်ခုပေါ် နောက်တစ်ခု ထပ်ဆင့်၍ အလှုဆင်ရမည်။

**ထပ်ဆင့်ရခြင်း၏ အကြောင်းအရာ**

၁။ ပထမဆုံးနေရာ၌ ယုံကြည်ခြင်း ရှိသည်။

က။ စစ်မှန်သော ယုံကြည်ခြင်းသည် ပါရမီတို့၏ မူလအစဖြစ်သည်။

ခ။ အသက်တာ၌ ကျန်ခုနှစ်ခုသော ပါရမီ (သီလမှစ၍ ချစ်ခြင်းမေတ္တာ ထိ)တို့ မရှိဘဲ တိမ်ကောနေခြင်း၏ အကြောင်းရင်းမှာ ယုံကြည်ခြင်း မှားယွင်းနေသောကြောင့် ဖြစ်နိုင်သည်။

ဂ။ မိမိတို့၏ ယုံကြည်ခြင်းကို စစ်ဆေးကြပါစို့။

ဃ။ မိမိတို့၏ ယုံကြည်ခြင်းကို ပြုစုပျိုးထောင်ကြပါစို့။

၂။ နောက်ဆုံးနေရာ၌ ချစ်ခြင်းမေတ္တာရှိသည် -

က။ ပါရမီတို့၏ အချုပ်အခြာ ဖြစ်သည်။

ခ။ အသက်တာ၌ ကျန်ခုနှစ်ခု သောပါရမီ (ယုံကြည်ခြင်းမှစ၍ ညီအစ်ကို စုံမက်ခြင်းထိ) တို့သည် ချစ်ခြင်းမေတ္တာ (ဂရိ-agape) အားဖြင့် ဖော်ထုတ် ထင်ရှားရမည်။

ဂ။ လက်တွေ့၌ ယုံကြည်သက်ဝင်မှုသည် ချစ်ခြင်းမေတ္တာပင်ဖြစ်သည် မဟုတ်လော့။ (၁ ကော ၁၃း၁-၈)

၃။ ဘုရားသခင်ထာဝရဘုရားကို အမှန်ယုံကြည်သောကြောင့် -
 က။ သူ့ကို အပြည့်အဝ ချစ်၍၊
ခ။ သူတစ်ပါးတို့ကိုလည်း ကိုယ်နှင့်အမျှ ချစ်ကြပါစို့။
(မဿဲ ၂၃း၃၇-၃၉)

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ ဘုရားသခင်ကို မယုံကြည်ဘဲ စိတ်နှလုံးအကြွင်းမဲ့ မချစ်နိုင်။
၂။ ထိုနည်းတူ ဘုရားသခင်ကို မချစ်ဘဲ အမှန်တကယ် ယုံကြည်ကိုးစားနိုင်မည် မဟုတ်။
၃။ ယုံကြည်ကိုးစားခြင်းနှင့် ချစ်ခြင်းမေတ္တာသည် ပေါင်းသင်းဆက်နွယ်နေသည်။ ခွဲခြား၍မရသော စပ်ဆက်မှုဆိုင်ရာအစိတ်အပိုင် များ (inseparable relational components) ဖြစ်ကြသည်။
၄။ ထို့ကြောင့် ဘုရားသခင်အား အဘယ်မျှလောက် ယုံကြည်ကိုးစားသည်ကို နစ်နစ်ကာကာ ချစ်ခြင်းဖြင့်ပြပါစို့။ ဘုရားသခင်အား အဘယ်မျှလောက် ချစ်သည်ကိုလည်း လုံးလုံးလျားလျား ကိုးစားခြင်းဖြင့် ပြပါ။

# ပါရမီရှစ်ပါးတို့၏ ပြုပြင်ခြင်း

> အကြောင်းမူကား၊ ထိုပါရမီတို့သည် သင်တို့၌ ရှိ၍ ကြွယ်ဝလျှင်၊ ငါတို့သခင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌ မပျင်းရိစေခြင်းငှါ၄င်း၊ အကျိုးမဲ့ မဖြစ်စေခြင်းငှါ၄င်း ပြုပြင်တတ်ကြ၏။ ထိုပါရမီနှင့် ကင်းသောသူမူကား၊ မျက်စီကန်း၏။ ကိုယ်မျက်စီကိုယ်ပိတ်၏။ မိမိအပြစ်ဟောင်းဆေးကြောကြောင်းကို မေ့လျော့၏။
> (၂ပေ ၁း၈-၉)

**အကြောင်းမူကား**

၁။ အထက်က ပါရမီရှစ်ပါးတို့ကို အလွန်ကြိုးစားအားထုတ်၍ ထပ်ဆင့်ကြရမည် ဖြစ်သည်။ (၂ ပေ ၁း၅-၇)

၂။ ထိုသို့ ပါရမီရှစ်ပါးတို့ကို ထပ်ဆင့်ရခြင်းအကြောင်းရှိသည်။

၃။ ထိုအကြောင်းကို ဖော်ပြလိုသောကြောင့် 'အကြောင်းမူကား' ဟု အစပြုရခြင်း ဖြစ်သည်။

**ထိုပါရမီတို့သည် သင်တို့၌. . .**

၁။ ထိုပါရမီရှစ်ပါးတို့သည် ယုံကြည်သူတို့၌ ရှိရမည်။

က။ ရှိ၍(ဂရိ-huparcho/huparchonta) သည် -

- အောက်၌ တိတ်ဆိပ်စွာ ရှိသည်၊
- ရှိတည်လာသည်၊
- အဆင်သင့်ဖြစ်သည်၊ စသည်တို့ဖြစ်သည်။

ခ။ ကြွယ်ဝလျှင် (ဂရိ-pleonazo/pleonazonta) သည် -
- ပိုလျှံသည်၊
- ပို၍များပြားလာသည်၊
- ထပ်တိုးလာသည် စသည်တို့ဖြစ်သည်။
ဂ။ ထိုပါရမီရှစ်ပါးတို့သည် အကျွန်ုပ်တို့အသက်တာ၌ ထပ်တိုးလာရ မည်ဖြစ်သည်။
ဃ။ ပိုလျှံနေရမည် ဖြစ်သည်။
၂။ ထိုသို့ ယုံကြည်သူအသက်တာ၌ ကြွယ်ဝစွာ ရှိသောအခါ ၎င်းပါရမီတို့သည် -
က။ သခင်ယေရှုကို သိကျွမ်းခြင်း၌ မပျင်းရိစေခြင်းငှါ -
ခ။ အကျိုးမဲ့ မဖြစ်စေခြင်းငှါ ပြုပြင်တတ်ကြသည်။
၃။ ပြုပြင် (ဂရိ-kathistemi) သည် -
က။ ခန့်အပ်သည်၊
ခ။ အပြီးအပိုင် နေရာချထားသည်၊
ဂ။ သတ်မှတ်ထားသည်၊
ဃ။ ဖွဲ့စည်းတည်ဆောက်သည် စသည်တို့ဖြစ်သည်။
င။ ပါရမီရှစ်ပါးတို့သည် သခင်ခရစ်တော် သိကျွမ်းခြင်း၌ မပျင်းရိစေခြင်းငှါလည်းကောင်း၊ ထိုသခင် သိကျွမ်း၌ အသီးသီးစေခြင်းငှါလည်းကောင်း အကျွန်ုပ်တို့ကို အပြီးအပိုင်ပြုပြင်ဖွဲ့စည်းထားသည်။

**ထိုပါရမီနှင့် ကင်းသောသူမူကား. . .**

၁။ ထိုပါရမီရှစ်ပါးကို မပိုင်ဆိုင်သောသူကို ဆိုလိုသည်။
၂။ ထိုသူ၏ အသက်တာ၌ ပါရမီရှစ်ပါးစလုံး မရှိ။
၃။ ထိုသို့သော်သူသည် -
က။ မျက်စိကန်းသည်။
ခ။ ကိုယ်မျက်စိကို ကိုယ်ပိတ်သည်။

- မျက်တောင်ခပ်သောကြောင့် အဝေးကို မမြင်။
- မိမိလက်ဖြင့် မျက်စိကို ပိတ်သောကြောင့် မမြင်။
- မရှင်းမလင်းသာ မြင်ရသည်။

ဂ။ အပြစ်ဟောင်း ဆေးကြောကြောင်းကို မေ့လျော့သည်။

- လုံးလုံးလျားလျား မေ့ပျောက်သည်။
- ဉာဏ်မျက်စိ၌လည်း ကွယ်ပျောက်သည်။

၄။ ပါရမီရှစ်ပါး (ယုံကြည်ခြင်းမှစ၍ ချစ်ခြင်းမေတ္တာထိ) တို့ကိုအားသွန်ခွန်စိုက် တည်ဆောက်ကြပါစို့။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ ပါရမီရှစ်ပါးစလုံးသည် တိုးပွားနိုင်ကြသည်။ ၎င်းတို့သည် ကျွန်ုပ်တို့ အသက်တာ၌ ပိုလျှံလျက် ရှိနေရမည်။

၂။ ထိုသို့ ပိုလျှံနေမှသာ အကျွန်ုပ်တို့၏ ယုံကြည်သက်ဝင်မှုသည် အကျိုး သက်ရောက်မှုရှိ၍ လက်တွေ့ကျမည် ဖြစ်သည်။

၃။ ပါရမီရှစ်ပါးခေါင်းပါးလျက်ရှိသော ခရစ်ယာန်များ၏အသက်တာ၌ ခရစ်ယာန် ယုံကြည်ချက် (Christian faith) သည်ယုံနိုင်စရာယုတိ မရှိသော အယူအဆမျှသာ ဖြစ်သည်။

၄။ သခင်ခရစ်တော်သိကျွမ်းဖို့ရာ ပျင်းရိနေရခြင်းသည် ထိုပါရမီရှစ်ပါးတို့ ခေါင်းပါးနေခြင်းကြောင့် ဖြစ်သည်။

၅။ ထိုပါရမီရှစ်ပါးတို့ကို ပြုပြင် တည်ဆောက်ရင်း အသက်တာကို တန်ဆာ ဆင်ကြပါစို့။

## ခေါ်တော်မူခြင်းနှင့်ရွေးချယ်တော်မူခြင်း

> ထို့ကြောင့် ညီအစ်ကိုတို့၊ သင်တို့ခံရသောခေါ်တော်မူ
> ခြင်းနှင့် ရွေးချယ်တော်မူခြင်းကို တည်မြဲစေခြင်းငှါ
> သာ၍ ကြိုးစားအားထုတ်ကြလော့။ သို့ပြုလျှင်၊
> ရွေ့လျော့ခြင်းနှင့် အစဉ်ကင်းလွတ်သည်ဖြစ်၍၊-
> ငါတို့ကို ကယ်တင်တော်မူသော အရှင်သခင်ယေရှု
> ခရစ်၏ ထာဝရနိုင်ငံတော်ထဲသို့ ဝင်စားခြင်းအခွင့်
> ကို သင်တို့အားကြွယ်ဝစွာပေးသနားတော်မူလတံ့။
> (၂ပေ ၁၀-၁၁)

**ထို့ကြောင့် ညီအစ်ကိုတို့၊ သင်တို့ခံရသောခေါ်တော်မူခြင်း. . .**

၁။ ဝိညာဉ်ရေးမျက်စိကန်းသောသူများ မဖြစ်လာရန် တိုက်တွန်းခြင်းဖြစ်သည်။ (၂ ပေ ၁း၉)

၂။ ဘုရားသခင်ထံတော်မှ ရရှိခံစားသော -

က။ ခေါ်တော်မူခြင်းနှင့်

ခ။ ရွေးချယ်တော်မူခြင်းတို့ကို မြဲမြံရန် အသေအချာလုပ်ဆောင်ရမည်။

၃။ မိမိ၏ ကြိုတင်သိသောဉာဏ်တော်အတိုင်း ဘုရားသခင်သည် အကျွန်ုပ်တို့ကို ရွေးကောက်တော်မူသည်။ (၁ပေ ၁း၂)

၄။ ကမ္ဘာမတည်မရှိမှီ ဘုရားသခင်သည် အကျွန်ုပ်တို့ကို သခင်ခရစ်တော်၌ ရွေးချယ်တော်မူသည်။ (ဧဖက် ၁း၁-၄၊ ၁ပေ ၁း၂၀)

၅။ မိမိ၏ အကြံအစည်တော်နှင့်အညီ၊ ဘုရားသခင်သည် အကျွန်ုပ်တို့ကို ခေါ်တော်မူသည်။ (ရောမ ၈း၂၈)

၆။ အထက်ဖော်ပြချက်များ (နံပါတ် ၃ မှ ၅ အထိ) မှန်ကန်ကြောင်းကို
မိမိတို့အသက်တာ၌ သက်သေထူရမည်။ (ဖိလိ ၂း၁၂)

**သို့ပြုလျှင်၊ ရွှေ့လျော့ခြင်းနှင့်အစဉ်ကင်းလွတ်သည်ဖြစ်၍. . .**

၁။ 'သို့ပြုလျှင်'

က။ အထက်ပါအတိုင်း မိမိတို့ခံရသော ခေါ်တော်မူခြင်းနှင့် ရွေးချယ်တော်မူခြင်းတို့ကို ကျိန်းသေအောင် လုပ်ဆောင်၍ ကျင့်ကြံအားထုတ်နေလျှင် ဟု ဆိုလိုသည်။

ခ။ ထိုသို့ပြုသောအခါ ကျွန်ုပ်တို့သည် -

- ချော်လဲ့ခြင်း၊
- လဲ့ကျခြင်း၊
- ခလုတ်တိုက်ခြင်း၊
- အပြစ်ဒုစရိုက်ကျူးလွန်မိခြင်း စသည်တို့နှင့် အစဉ်ကင်းလွတ်မည်ဖြစ်သည်။

၂။ ဤအချက်သည်ကား 'ရွှေ့လျော့ခြင်းနှင့်ကင်းလွတ်' ခြင်းဖြစ်သည်။

**ငါတို့ကို ကယ်တင်တော်မူသော သခင်ယေရှုခရစ်၏. . .**

၁။ သခင်ယေရှုသည် -

က။ ခရစ်တော်(မေရှိယ) ဖြစ်သည်။

ခ။ အကျွန်ုပ်တို့ကို ကယ်တင်တော်မူသော သခင်ဖြစ်သည်။

ဂ။ ထာဝရနိုင်ငံတော်ကို ပိုင်သသောအရှင်ဘုရင် ဖြစ်သည်။

၂။ သခင်ယေရှုခရစ်၏နိုင်ငံတော်ထဲသို့ -

က။ ဝင်စားရသောအခွင့်ကို ထိုသခင်ကိုယ်တိုင်သာ ပေးပိုင်သည်။

ခ။ 'ရွှေ့လျော့ခြင်းနှင့် အစဉ်ကင်းလွတ်ခြင်း' ရှိသော သူတို့သည်သာ ဝင်စားခွင့်ရရှိလိမ့်မည်။

၃။ အကျွန်ုပ်တို့သည် -

က။ ခေါ်တော်မူခြင်းနှင့် ရွေးချယ်တော်မူခြင်းကို လက်တွေ့ဖော်ဆောင်သောကြောင့်၎င်း၊

ခ။ 'ရွှေ့လျော့ခြင်းနှင့်အစဉ်ကင်းလွတ်လျက်' ရှိကြသောကြောင့်၎င်း သခင်ယေရှုသည် ထာဝရနိုင်ငံတော်ထဲသို့ ဝင်စားရသောအခွင့်ကို ကြွယ်ဝစွာ ပေးသနားတော်မူမည် ဖြစ်သည်။

## ဆင်ခြင်နှလုံးသွင်းခြင်း

၁။ ဘုရားသခင်သည် အကျွန်ုပ်တို့ကို ခရစ်တော်၌ ခေါ်တော်မူသည်ကိုလည်းကောင်း၊ ရွေးချယ်တော်မူသည်ကို လည်းကောင်း သိမှတ်စွဲလမ်းကြရမည်။

၂။ ထိုသို့ မိမိတို့ခံရသော ခေါ်တော်မူခြင်းနှင့် ရွေးချယ်တော်မူခြင်းတို့ကို သေချာအောင် လုပ်ဆောင်ရမည်။ အဘယ်သို့ သေချာအောင်လုပ်ဆောင် မည်နည်း။

၃။ ခရစ်တော်ထံ၌ တပည့်ခံခြင်းသည် ဘုရားသခင်၏ ခေါ်ရာသို့ လိုက်ခြင်းဖြစ်သည်။ သခင်ယေရှုနည်းတူ၊ အထူးသဖြင့်သခင်ခရစ်တော်နှင့်အတူနေထိုင်ကျင်လည်ခြင်းသည် ဘုရားသခင်၏ခေါ်တော်မူခြင်းကို သေချာစေသည်။

၄။ ဘုရားသခင်သည် အကျွန်ုပ်တို့ကို ထာဝရသေခြင်းမှ ရွေးနှုတ်ကယ်တင်သည်သာမက၊ 'သား/သမီး' အရာကိုလည်း ပေးသနားတော်မူသည်။ ဘုရားသခင်၏ သား/သမီးများပီပီ အသက်ရှင်ခြင်းသည် ရွေးချယ်တော်မူခြင်းကို ကျိန်းသေစေသည်။

## ခရစ်တော်၏ဗျာဒိတ်တော်နှင့် အကျိုးဆက် -၁

> ထို့ကြောင့်၊ ယခုဟောပြောသောသမ္မာတရားကို
> သင်တို့သည် နားလည်၍ တည်ကြည်ခြင်းရှိသော်
> လည်း၊ ဤသို့သောစကားများနှင့် သင်တို့အား အစဉ်
> အမြဲတ် သတိပေးမည်အမှုကို ငါမမေ့လျော့။ ငါတို့
> သခင်ယေရှုခရစ်သည် ဗျာဒိတ်ပေးတော်မူသည်
> အတိုင်း၊ ငါတည်းခိုရာတဲကို မကြာမမြင့်မှီ ငါပစ်
> သွားရမည် အရာကို ငါသိမှတ်၍၊ ဤတဲ၌ ရှိနေစဉ်
> ကာလပတ်လုံး၊ သင်တို့ကို သတိပေး၍ နှိုးဆော်အပ်
> သည်ဟု ငါသဘောရှိ၏။ (၂ပေ ၁း၁၂-၁၄)

ထို့ကြောင့် ယခုဟောပြောသော သမ္မာတရား. . .

၁။ ပေတရု၏ စာဖတ်ပရိသတ်တို့သည် -

က။ စစ်မှန်သော ယုံကြည်သူများ ဖြစ်ကြသည်။

ခ။ အများစုမှာ ယုဒလူမျိုးများ ဖြစ်ကြသည်။

ဂ။ အထူးသဖြင့် ပေတရုဟောပြောသော သမ္မာတရားကို -

- လက်ခံယုံကြည်သောသူများ၊
- ကောင်းကောင်းနားလည်၍ လိုက်ရှောက်သောသူများ
- ဆက်လက် ဆုပ်ကိုင်ထားသောသူများ ဖြစ်ကြသည်။

ဃ။ တည်ကြည် (ဂရိ-sterizo/esterigmenous) သည် -

- တိုက်ရိုက်ချည်နှောင်ထားသည်၊
- ခိုင်မာစွာ ဦးတည်သည်၊

- ခိုင်ခံ့စေသည် စသည်တို့ဖြစ်သည်။

င။ လက်ရှိ လက်ခံရရှိသော သမ္မာတရား၌ ခိုင်ခံ့စွာ ရပ်တည်နေကြသည်။ ထိုတရားတော်အတိုင်း ဦးလှည့်လျက် ရှောက်လှမ်းနေကြသည်။

**ဤသို့သော စကားများနှင့် သင်တို့အား. . .**

၁။ ထိုသို့ တရားတော်၌ တည်ကြည်ကြသော်လည်း ပေတရုသည် ယခုကဲ့သို့ သတိပေးနေသည်။ သတိပေးချက်မှာ-

က။ ပါရမီရှစ်ပါးကို အဆင့်ဆင့် ထပ်ဆင့်ကြရန်၊ (၂ပေ ၁း၅-၇)

ခ။ သခင်ခရစ်တော်ကို သိကျွမ်းခြင်း၌ မပျင်းရိကြရန်၊ (၂ပေ ၁း၈)

ဂ။ မျက်ကန်းသောသူများ မဖြစ်ကြရန် (၂ပေ ၁း၉) စသည်တို့ဖြစ်သည်။

၂။ ထိုသို့ သတိပေးသည့်အမှုကို ပေတရု မေ့လျော့သည် မရှိ။

၃။ ပေတရုသည် မေတ္တာဖြင့် အချိန်ယူအပင်ပန်းခံပြီး သတိပေးနေခြင်း ဖြစ်သည်။

**ငါတို့သခင်ယေရှုခရစ်. . . ဗျာဒိတ်ပေးတော်မူသည်အတိုင်း. . .**

၁။ ထပ်ခါတလဲ့လဲ့ 'အချိန်ရှိခိုက် လုံးလစိုက်' ဆိုပြီး သတိပေးနေရခြင်းမှာ ပေတရုသည် မကြာမီ ခရစ်တော်အတွက် အသေခံမည်ကို သိနှင့်သော ကြောင့်ဖြစ်သည်။

က။ သခင်ခရစ်တော်ကိုယ်တိုင်က ဗျာဒိတ်ပေးခဲ့သည်။ (ယောဟန် ၂၁း၁၈-၁၉)

ခ။ ဘုရားပေးသော ဗျာဒိတ်နှင့် အနာဂတ္တိစကား စသည်တို့သည် လူတို့၏ အလိုအားဖြင့် ဖြစ်သည်မဟုတ်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖြစ်သည်။ (၂ပေ ၁း၂၁)

ဂ။ ထို့ကြောင့် ခရစ်တော်ပေးသော ဗျာဒိတ်သည် ပေတရု၏ အလိုနှင့် ဆန့်ကျင်နေသော်လည်း ပေတရုဝန်ခံနေရသည်။

၂။ သခင်ခရစ်တော်၏ ဗျာဒိတ်တော်အတိုင်း -
   က။ ပေတရု၏ခန္ဓာကိုယ် (ငါတည်းခိုရာ တဲ)သည် မကြာမီပျက်စီးမည်။
   ခ။ ယခု ခန္ဓာကိုယ်ဖြင့် အသက်ရှင်နေသော ကာလ၌ -
      - ဆုံးမသွန်သင်ခြင်း၊
      - သတိပေးနှိုးဆော်ခြင်း၊
      - အားပေးတိုက်တွန်းခြင်း စသည်တို့ကို ဆောင်ရွက်နိုင်သည်။
   ဂ။ ထို့ကြောင့်၊ ပေတရုသည် လက်ရှိခန္ဓာအားဖြင့် ရှင်သန်နေချိန်၌ ယုံကြည်သူ ညီအစ်ကိုများကို သတိပေး နှိုးဆော်အပ်သည်ဟုခံယူသည်။

## ဆင်ခြင်နှလုံးသွင်းခြင်း

၁။ ဘုရားသခင်သည် ယနေ့ကျွန်ုပ်တို့ကို သားတော်အားဖြင့် စကားပြောနေသည်။ (ဟေဗြဲ ၁း၁-၃)

၂။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို သန့်ရှင်းသော ကျမ်းစာတော်မြတ်ဖြင့် ဗျာဒိတ်ပေးသည်။

၃။ တရားသောသူ၊ မတရားသောသူ၊ မည်သူမဆို ဘုရားသခင်၏ နှုတ်ထွက်စကားတော်ကို လွှန်ဆန်၍ မရနိုင်ပေ။

၄။ ယခုခန္ဓာကိုယ်အားဖြင့် အသက်ရှင်စဉ်မှာပင် ဗျာဒိတ်တော်အတိုင်း ကျင်လည်ကြပါစို့။

၅။ ပေတရုကဲ့သို့ ခန္ဓာနှင့်အသက်ရှင်နေခိုက် သူတစ်ပါးတို့ကို ယုံကြည်ခြင်း၌ တည်ဆောက်ကြပါစို့။

## ခရစ်တော်၏ဗျာဒိတ်တော်နှင့်အကျိုးဆက်-၂

> ထိုမှတပါး၊ ငါစုတေ့သည်နောက်၊ သင်တို့သည် ဤအရာများကို အစဉ်မှတ်မိစေခြင်းငှါ ငါကြိုးစားအားထုတ်မည်။ ငါတို့သခင်ယေရှုခရစ်၏တန်ခိုးတော်ကိုငှင်း၊ ကြွလာတော်မူခြင်းကိုငှင်း၊ သင်တို့အားကြားပြောသောအခါ၊ ငါတို့သည် ပရိယာယ်နှင့် ပြင်ဆင်သော ဒဏ္ဍာရီကို မလိုက်၊ ဘုန်းအာနုဘော်တော်ကို ကိုယ်တိုင်မြင်သောသူ ဖြစ်ကြ၏။
>
> (၂ပေ ၁း၁၅-၁၆)

**ထိုမှတပါး၊ ငါစုတေ့သည်နောက်. . .**

၁။ ပေတရုသည် စာဖတ်ပရိသတ်များကို ပါရမီရှစ်ပါးနှင့်ကင်းသောသူများ မဖြစ်ကြရန်နှင့် အထူးသဖြင့်၊ ထိုပါရမီရှစ်ပါးတို့ကို ထပ်ဆင့် တိုးပွားကြစေရန် သတိပေးတိုက်တွန်းသည်။ (၁း၅-၇၊ ၁း၁၂)

၂။ လက်ရှိအချိန်၌ပင် ပို၍မမေ့သော သတိပေးစကားများ ပြောရသည်။

၃။ သူသေလွန်ပြီးနောက် ဤသွန်သင်ချက်များကို မှတ်မိစေလိုသောကြောင့် ဖြစ်သည်။

၄။ သင်းအုပ်တစ်ဦး၌ ရှိရမည့် သိုးထိန်းစိတ်သဘောပင် ဖြစ်သည်။

**ငါတို့သခင်ယေရှုခရစ်၏ တန်ခိုးတော်ကိုငှင်း. . .**

၁။ သခင်ယေရှုသည် ကယ်တင်ရှင်ခရစ်တော် ဖြစ်သည်။

၂။ သခင်ယေရှုသည် တန်ခိုးရှင်လည်း ဖြစ်သည်။

 က။ အပြစ်စီရင်ပိုင်သောသူ၊ (လုကာ၅း၂၄)

ခ။ ထာဝရအသက်ပေးပိုင်သောသူ၊ (ယောဟန် ၅း၂၆-၂၇)

ဂ။ သေခြင်းမှ ရှင်ပြန်ထမြောက်စေနိုင်သောသူ စသည်တို့ဖြစ်သည်။ (ယောဟန် ၁၁း၂၅-၆)

၃။ သခင်ယေရှုသည် ပြန်ကြွလာမည့် ကယ်တင်ရှင် ဖြစ်သည်။

က။ ကောင်းကင်ဘုံ၌ အကျွန်ုပ်တို့အဖို့ နေရာအခန်းများစွာကို ပြင်ဆင်နေသည်။ (ယောဟန် ၁၄း၂)

ခ။ တစ်နေ့သောအခါ ယုံကြည်သူများကို သိမ်းဆည်းရန် လောကသို့ ပြန်ကြွလာဦးမည်။ (၁ သက် ၄း၁၆)

၄။ ဤအကြောင်းအရာများကို တမန်တော်တို့သည် -

က။ ဟောပြောကြသည်။

ခ။ အခိုင်အမာ သက်သေခံကြသည်။

ဂ။ ဤအကြောင်းအရာသည် ဧဝံဂေလိတရား၏ အနှစ်အကာဖြစ်သည်။ (၁ကော ၁၅း၃-၈)

**ငါတို့သည် ပရိယာယ်နှင့် ပြင်ဆင်သော ဒဏ္ဍာရီစကားကို မလိုက်. . .**

၁။ တမန်တော်တို့ ဟောပြောသောတရားသည် -

က။ ပရိယာယ်နှင့် ပြင်ဆင်သော ပုံပြင် မဟုတ်၊

ခ။ တီထွင်ဖန်းတီးထားသော ဒဏ္ဍာရီလည်း မဟုတ်၊

ဂ။ မျက်မြင်သက်သေတို့၏ ထွက်ဆိုချက်များ ဖြစ်သည်။

၂။ ပေတရုဟောပြောသော အရာများသည်လည်း သူ၏ကိုယ်တွေ့များ ပင် ဖြစ်သည်။

၃။ ပေတရု၏ သက်သေခံချက်များသည် သူကိုယ်တိုင်မြင်သောအရာ များ ဖြစ်ကြသည်။

၄။ ပေတရုသည် ဘုန်းအာနုဘော်တော်ကို ကိုယ်တိုင်မြင်သောသူ ဖြစ်သည်။
ထိုဘုန်းအာနုဘော်တော်သည် -
က။ ဘုရားသခင်ကိုယ်တိုင် ထင်ရှားခြင်းကို ဆိုလိုသည်။
ခ။ ခရစ်တော်နှင့်စပ်လျဉ်းသော ခမည်းတော်၏သက်သေခံချက်ကို ဆိုလိုသည်။ (မဿဲ ၁၇း၅)

## ဆင်ခြင်နှလုံးသွင်းခြင်း

၁။ ယခုခေတ်၌ ခရစ်တော်၏သက်သေခံများစွာ ရှိကြသည်။

၂။ ခရစ်တော်၏သက်သေခံများဟု ဆိုရာ၌ အစစ်အမှန်များရှိသကဲ့သို့ အတုအယောင်များလည်း ရှိကြသည်။

၃။ တမန်တော်တို့သည် ကိုယ်တွေ့သက်သေခံများ ဖြစ်ကြသည်။

၄။ တနည်းအားဖြင့်ဆိုသော်၊ သူတို့၏ သက်သေခံချက်တို့သည် ယုံကြည်ခြင်းအုပ်မြစ် ဖြစ်ကြသည်။ ၎င်းတို့ကို အခြေခံ၍ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းနှင့် အသက်တာတို့ကို တည်ဆောက်ကြရမည်။

၅။ မိမိ၏ ခံစားချက်၊ ခံယူချက်၊ အထင်အမြင်နှင့် အတွေးအခေါ် စသည်တို့ကို တမန်တော်တို့၏ သွန်သင်ချက်များနှင့်အညီ တည်ဆောက်ကြပါစို့။

# တမန်တော်တို့၏ ကိုယ်တွေ့သက်သေ

အဘယ်သို့နည်းဟူမူကား၊ ဤသူသည် ငါနှစ်သက် မြတ်နိုးရာ၊ ငါ၏ချစ်သောသားပေတည်းဟူသော အသံတော်သည်၊ ထူးမြတ်သော အရောင်အဝါတော် ထဲက၊ ထိုသခင်သို့ ရောက်သောအခါ၊ ခမည်းတော် ဘုရားသခင့်အထံတော်မှ ဂုဏ်အသရေ ဘုန်းအာနု ဘော်ကို ခံရတော်မူ၏။ ကောင်းကင်က ရောက်လာ သောထိုအသံတော်ကို ငါတို့သည် သန့်ရှင်းသော တောင်ပေါ်မှာ သခင်ဘုရားနှင့်အတူ ရှိသောအခါ ကြားရကြ၏။ (၂ပေ ၁း၁၇-၁၈)

**အဘယ်သို့နည်းဟူမူကား. . .**

၁။ ဘုရားသခင်သည် သားတော်နှင့် စပ်လျဉ်း၍ အဘယ်သို့ သက်သေခံ သနည်း ဟု ဆိုလိုသည်။

၂။ ဘုရားသခင်သည် သားတော်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း သက် သေခံသည်။

က။ ကောင်းကင်မှ အသံတော်ဖြင့် သက်သေခံသည်။

ခ။ အသံတော်မှ ဆင့်ဆိုသည်ကား -

- သူ (ခရစ်တော်)သည် ငါနှစ်သက်မြတ်နိုးသောသူ၊
- သူ (ခရစ်တော်)သည် ငါ၏ ချစ်သားပေတည်းဟု ဖြစ်သည်။

(မဿဲ ၁၇း၅၊ ယှဉ်ကြည့်ရန် မဿဲ ၃း၁၇၊ မာကု ၁း၁၁)

၃။ သခင်ခရစ်တော်သည် ခမည်းတော်ထံမှ -
က။ ဂုဏ်အသရေနှင့်
ခ။ ဘုန်းအာနုဘော်တို့ကို ခံတော်မူသည်။
၄။ ထို ဂုဏ်အသရေနှင့် ဘုန်းအာနုဘော်တို့ကို ခရစ်တော်သည် -
က။ ခမည်းတော်၏အသံတော် ကြားရသောအခါ ခံရသည်။
ခ။ ထူးမြတ်သောအရောင်အဝါတော် မိမိထံသို့ ရောက်လာသောအခါ ခံရသည်။
ဂ။ ဗုံသံ ဆိုင်းသံတွေနှင့် ခမည်းတော်၏ သက်သေခံချက်ကိုခံယူရသည်။

**ကောင်းကင်က ရောက်လာသော ထိုအသံတော်ကို. . .**

၁။ ခမည်းတော်၏ အသံသည် ကောင်းကင်မှ လာသည်။
၂။ ထို့ကြောင့်၊ 'ကောင်းကင်က ရောက်လာသောအသံတော်' ဟု ခေါ်ရခြင်း ဖြစ်သည်။

**ငါတို့သည် သန့်ရှင်းသော တောင်ပေါ်မှာ. . .**

၁။ 'ငါတို့' သည် ပေတရု ယာကုပ်နှင့် ယောဟန် တို့ကို ဆိုလိုသည်။
၂။ သူတို့သုံးဦးသည် သခင်ယေရှု၏ အသွင်သဏ္ဍာန်ပြောင်းလဲခြင်းကို ကိုယ်တိုင်မြင်တွေ့ကြသည်။ (မဿဲ ၁၇း၁-၁၃၊ မာကု ၉း၂-၁၃၊ လုကာ ၉း၂၈-၃၆)
၃။ ကောင်းကင်က ခမည်းတော်၏ အသံကို သူတို့ကိုယ်တိုင် ကြားရသည်။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ သခင်ယေရှု သည် ခရစ်တော်ကယ်တင်ရှင် ဖြစ်ကြောင်း ခမည်းတော်ဘုရားသခင်ကိုယ်တိုင် သက်သေခံတော်မူသည်။
၂။ တမန်တော်တို့သည်လည်း ခမည်းတော်ဘုရားသခင်၏ အသံတော်ကို မိမိတို့နားဖြင့် ကြားရကြပြီ။ ထင်ရှားတော်မူခြင်းကိုလည်း မိမိတို့ မျက်စိဖြင့် မြင်ရကြပြီ။

၃။ ထိုသူတို့ကဲ့သို့ အကျွန်ုပ်တို့သည်လည်း ခရစ်တော်သခင်ဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ကိုးစားကြပါစို့။

၄။ သခင်ယေရှုသာလျှင် လောက၏ ကယ်တင်ရှင်၊ ဘုရားသခင်၏ ခရစ်တော်နှင့် အကျွန်ုပ်တို့၏ သခင်ဘုရား ဖြစ်တော်မူသည်။

## အနာဂတ္တိစကားတော် -၁

> ထိုမှတပါး၊ သာ၍ မြဲမြံသော အနာဂတ္တိစကားတော်သည် ငါတို့၌ ရှိသေး၏။ စိတ်နှလုံးထဲ၌ အာရုတက်၍ ကြယ်နီပေါ်ထွက်သည် ကာလတိုင်အောင်၊ ထို အနာဂတ္တိစကားတော်ကို မှောင်မိုက်အရပ်၌ ထွန်းလင်းသောဆီမီးကဲ့သို့ မှတ်၍၊ သင်တို့သည် အမှီပြုသင့်ကြ၏။ (၂ပေ ၁း၁၉)

**ထိုမှတပါး. . .**

၁။'ထိုမှတပါး'သည် -

ကး။ ရှေး၌ ဖော်ပြထားသောအရာမှ တပါး နှင့်

ခ။ အထက်က ဆိုခဲ့သောအရာအပြင် ဟု ဆိုလိုသည်။

၂။ ထို့ကြောင့် အထက်က သားတော်နှင့် စပ်လျဉ်းသော ခမည်းတော်၏ သက်သေခံချက်အပြင် ပို၍ကျိန်းသေသော အနာဂတ္တိစကားရှိသေးသည်။

၃။ ထိုအနာဂတ္တိစကားသည် ယုံကြည်သူတို့၌ ရှိသည်။

**စိတ်နှလုံးထဲ၌ အာရုတက်၍ ကြယ်နီပေါ်ထွက်သည်. . .**

၁။ ယုံကြည်သူတို့ထဲ၌ရှိသော အနာဂတ္တိစကားသည် -

က။ ကနဦး၌ မှောင်မိုက်တွင် ထွန်းလင်းသော မီးကဲ့သို့ ဖြစ်သည်။

ခ။ နောက်ဆုံးတွင် စိတ်နှလုံးထဲ၌ အာရုတက်၍ ကြယ်နီ (နေမင်း) ပေါ်သည်အထိ ဖြစ်လာမည်။

- အာရှဦးတက်၍ နေမင်းထွက်လာသောအခါ မှောင်မိုင်ဟူသမျှ ပျောက်ကွယ်သွားသကဲ့သို့၊
- ထိုအနာဂတ္တိစကားသည် နေမင်းကြီးဗမာ အလင်းပေးလိမ့်မည်။

၂။ ထို့ကြောင့် ယုံကြည်သူတို့သည် ထိုအနာဂတ္တိစကားကို မှောင်မိုက်၌ ထွန်းလင်းသော မီးသဖွယ် မှတ်၍ အမှီပြုရမည်။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ ပို၍ကျိန်းသေသော အနာဂတ္တိစကားသည် သခင်ခရစ်တော် ကိုယ်တိုင်ကို ဆိုလိုသည်။

က။ သခင်ခရစ်တော်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည်။ (ယောဟန်၁း၁)

ခ။ သခင်ခရစ်တော်သည် လူသားတို့၏အလင်းဖြစ်သည်။ (ယောဟန် ၁း၄)

ဂ။ သခင်ခရစ်တော်သည် လူသားတိုင်းကို အလင်းပေးသောသူ ဖြစ်သည်။ (ယောဟန် ၁း၅-၉)

၂။ ပို၍ ခိုင်မြဲအောင်လုပ်ထားသော အနာဂတ္တိစကားသည် သမ္မာကျမ်းစာ တစ်ခုလုံး၏ ရပ်တည်ချက်ကို ဆိုလိုသည်။

က။ သမ္မာကျမ်းစာ၌ အနာဂတ်နှင့်စပ်လျဉ်းသော သွန်သင်ချက်နှင့် ဟောကြားချက်များစွာ ရှိသည်။

ခ။ ထိုပုရောဖက်ပြုချက်များသည် သခင်ခရစ်တော်အားဖြင့် သခင်ခရစ်တော်၌ သာ၍မြဲမြံသော အနာဂတ္တိစကားတော်ဖြစ်လာကြသည်။ (တွဲဖတ်ရန်- ၂ ကော ၁း၂၀)

## အနာဂတ္တိ စကားတော် -၂

ကျမ်းစာ၌ပါသော အနာဂတ္တိ စကားမည်သည်ကား၊
ကိုယ်အလိုအလျောက် အနက်မပေါ်ဟု ရှေ့ဦးစွာ
သိမှတ်ကြလော့။ အကြောင်းမူကား၊ အနာဂတ္တိ
စကားသည် လူအလိုအားဖြင့် ဖြစ်ဘူးသည်မဟုတ်။
ဘုရားသခင်၏သန့်ရှင်းသူတို့သည် သန့်ရှင်းသော
ဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကို ခံရ၍
ဟောပြောကြ၏။ (၂ ပေ ၁း၂၀-၂၁)

**ကျမ်းစာ၌ပ ါသောအနာဂတ္တိစကား မည်သည်ကား. . .**

၁။ ကျမ်းစာ၌ ရေးသားထားသော အနာဂတ္တိစကားသည် -
- က။ သူ့အလိုအလျောက် အနက် မပေါ်။
- ခ။ သူ့အလိုအလျောက် အနက် မထင်ရှား။

၂။ ဤအချက်ကို ရှေးဦးစွာ သိမှတ်ရမည်။

၃။ ဆိုလိုသည်မှာ- ကျမ်းစာ၌ ပါသော အနာဂတ္တိစကားသည် အနက်ဖွင့်ခြင်း ရှိရမည်။
- က။ မိမိအလိုအရ အနက်ဖွင့်ခြင်းသည် ကိုယ်ကိုယ်ကိုယ်ဖျက်ဆီးရာ ရောက်စေတတ်သည်။ (၂ပေ ၃း၁၆)
- ခ။ သန့်ရှင်းသောဝိညာဉ်တော်၏ သွန်သင်ချက်နှင့်အညီ အနက်ဖွင့်ရမည် ဖြစ်သည်။

**အကြောင်းမူကား. . .**

၁။ အနာဂတ္တိစကားသည် -

 က။ လူ့အလို (လိုအင်ဆန္ဒ) အားဖြင့် ဖြစ်သည် မဟုတ်။

ခ။ လူတို့၏ ဆန္ဒအားဖြင့် ဖြစ်ဖူးသည် မရှိ။

၂။ သန့်ရှင်းသော ဝိညာဉ်တော်၏ တိုက်တွန်းခြင်းအားဖြင့် ဖြစ်သည်။

က။ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏ သန့်ရှင်းသူတို့ကို တိုက်တွန်းသည်။

ခ။ ဘုရားသခင်၏ သန့်ရှင်းသူတို့သည် ထိုဝိညာဉ်တော်၏ တိုက်တွန်းခြင်းကို ခံရ၍ ဟောပြောကြသည်။

၃။ ဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်း ဆိုသည်မှာ အဘယ်နည်း။

က။ တိုက်တွန်း (ဂရိ-phero/pheromenoi) သည် -

- သယ်ဆောင်သည်၊
- ခေါ်ဆောင်သည်၊
- ထိန်းကျောင်းလမ်းပြသည် စသည်တို့ဖြစ်သည်။

ခ။ Present Participle Passive ဖြင့်ရေးထားသည်။

ဂ။ဘုရားသခင်၏ သန့်ရှင်းသူတို့သည် ဝိညာဉ်တော်၏ -

- ထိန်းကျောင်းလမ်းပြခြင်း၊
- သွေးဆောင်မစခြင်း၊
- စိုးမိုး၍ ခေါ်ဆောင်ခြင်း စသည်တို့ကို ခံကြရသည်။

ဃ။ ဝိညာဉ်တော်၏ စိုးမိုးသွေးဆောင်ခြင်းအားဖြင့်သာ ဘုရားသခင်၏ လူတို့သည် အနာဂတ္တိစကားတို့ကို -

- ဟောပြောကြသည်။
- ရေးသားပြုစုကြသည်။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ ဘုရားသခင်၏ အလိုတော်သည် လူသားတို့၏ လိုအင်ဆန္ဒတို့နှင့် မတူခြားနားသည်။

၂။ ဘုရားသခင်၏ အလိုတော်ကို သန့်ရှင်းသောဝိညာဉ်တော်ကသာ အကုန်အစင် သိနိုင်သည်။

၃။ ဘုရားသခင်၏ အလိုတော်အတိုင်း အသက်ရှင်လိုသောသူသည် သန့်ရှင်းသောဝိညာဉ်တော်၏ ထိန်းချုပ်မှုကို အပြည့်အဝ ခံယူရမည်။

၄။ သို့မှသာ မိမိ၏ အသက်တာ၌ ဘုရားသခင်၏ အလိုတော် (ဝါ) အနာဂတ္တိစကားတော် ပြည့်ဝစုံလင်လာမည် ဖြစ်သည်။

၅။ စိတ်နှိမ့်ချခြင်းနှင့်တကွ ကျမ်းစာတော်မြတ်၏ သွန်သင်ချက်များကို အမှန် လိုက်နာခြင်းသည် ဝိညာဉ်တော်၏ တိုက်တွန်းခြင်းကို လက်တွေ့ခံယူခြင်းလည်း ဖြစ်သည်။

# အခန်းကြီး (၂)

## မိစ္ဆာဆရာတို့၏လုပ်ဆောင်ချက်

> သို့သော်လည်း၊ ယုဒလူတို့တွင် မိစ္ဆာပရောဖက်ရှိကြ၏။ ထိုနည်းတူ ဖျက်ဆီးတတ်သော မိစ္ဆာဒိဋ္ဌိအယူများကို ပရိယာယ်အားဖြင့်သွင်း၍၊ မိမိတို့ကိုယ်ကယ်တော်မူသော အရှင်ကိုငြင်းပယ်လျက်၊ မိမိတို့အပေါ်သို့လျှင်မြန်စွာဖျက်ဆီးခြင်းကို ရောက်စေသော မိစ္ဆာဆရာတို့သည် သင်တို့တွင်ရှိကြလိမ့်မည်။ သူတို့၏ညစ်ညူးသောအကျင့်ဓလေ့တို့ကို အများသောသူတို့သည်လိုက်သောအားဖြင့် သမ္မာတရားလမ်းအသရေသည် ပျက်စီးလိမ့်မည်။ (၂ပေ ၂း၁-၂)

သို့သော်လည်း၊ ယုဒလူတို့တွင် . . .

၁။ 'သို့သော်လည်း' သည် -

- က။ ဘုရားသခင်၏သန့်ရှင်းသူတို့က အနာဂတ္တိကျမ်းများကို ရေးသားပြုစုကြောင်း အတည်ပြုသည်။ (၂ပေ ၁း၂၁)
- ခ။ ထိုအနာဂတ္တိကျမ်းများသည် ယုဒလူမျိုးများနှင့်ဆိုင်ကြသည်။ (ရောမ ၉း ၄)

၂။ 'သို့သော်လည်း' သည် အသစ်သောအကြောင်းရာ တခုခုကို မိတ်ဆက်ပေးသည်။

၃။ 'သို့သော်လည်း' သည် ယုဒလူမျိုး၌ မိစ္ဆာပရောဖက် ရှိကြသည်ကို ထိရောက်စွာ ဖော်ပြသည်။

**ထိုနည်းတူ ဖျက်ဆီးတတ်သော မိစ္ဆာဒိဋ္ဌိအယူများကို. . .**

၁။ 'ထိုနည်းတူ' သည် ယုဒလူမျိုး၌ မိစ္ဆာပရောဖက်များ ရှိသည်နည်းတူ ဟု ဆိုလိုသည်။

၂။ 'ထိုနည်းတူ'သည် လက်ရှိပေတရု၏ စာဖတ်ပရိသတ်တို့သည်လည်း ယုဒလူမျိုးတို့ကဲ့သို့ ဖြစ်ကြသည်။

၃။ အကြောင်းမှာ - လက်ရှိပေတရု၏စာဖတ်ပရိသတ်တို့၌လည်း မိစ္ဆာဆရာများ ရှိကြသည်။

**မိစ္ဆာဆရာတို့၏ နည်းဗျူဟာနှင့် အကျိုးဆက်များ**

၁။ သွန်သင်ချက်

က။ မိစ္ဆာဒိဋ္ဌိအယူကို သင်ပေးကြသည်။

ခ။ မှားယွင်းသောအယူဝါဒကို သွန်သင်ကြသည်။

ဂ။ ဤသို့သော အယူဝါဒသည် ပျက်စီးတတ်သည်။

- ယုံကြည်ခြင်းကို စွန့်လွှတ်စေသည်။
- ကောင်းချီမင်္ဂလာများကို ဆုံးရှုံးစေသည်။
- အသက်ဝိညာဉ်ကို ပျက်စီးခြင်းသို့ ရောက်စေသည်။

(သုတ္တံ ၁၆း၂၅)

၂။ နည်းဗျူဟာ

က။ ပရိယာယ်အားဖြင့် သွင်း၍ (ဂရိ-pareisago/pareisaxousin) သည် -

- ဘေးမှ ခေါ်ဆောင်သည်၊
- လျှို့ဝှက်စွာ အထဲသို့ သွင်းသည်၊
- ခိုးကြောင်ခိုးဝှက် မိတ်ဆက်သည် စသည်တို့ဖြစ်သည်။

ခ။ ထို့ကြောင့် မိစ္ဆာဆရာတို့သည် မှားယွင်းသောအယူဝါဒကို နားဝင်ချိုအောင် ပြောဆို၍ သွန်သင်တတ်ကြသည်။

၃။ ကွင်းဆက်များ

က။ မိစ္ဆာဆရာတို့၏ သွန်သင်ချက်များကို နှစ်သက်သောသူတို့သည်

- မိမိတို့ကို အသွေးတော်ဖြင့် ဝယ်ယူသောသူ သခင်ခရစ်တော်ကို ငြင်းပယ်ကြသည်။
- မိမိတို့အပေါ်သို့ ဖျက်ဆီးခြင်းကို လျင်မြန်စွာ ရောက်စေကြသည်။

ခ။ သခင်ခရစ်တော်ကို အဘယ်သို့ ငြင်းပယ်ကြသနည်း။

- သခင်ယေရှု၏စကားများနှင့် ဆန့်ကျင် အသက်ရှင်ခြင်း၊
- သမ္မာကျမ်းစာ၏ သွန်သင်ချက်များကို အကုန်အစင် (အပြည့်အဝ) လက်မခံခြင်း၊ မကျင့်သုံးခြင်း၊
- သခင်ခရစ်တော်၏ ပေးဆပ်ခြင်း၊ အသွေးသွန်ခြင်းနှင့် အသေခံခြင်းတို့နှင့်အညီ ထိုက်တန်စွာအသက်မရှင်ခြင်း စသည်တို့ဖြင့် မိမိအရှင်သခင်ကို ငြင်းပယ်ကြသည်။

**သူတို့ညစ်ညူးသော အကျင့်ဓလေ့တို့ကို. . .**

၁။ မိစ္ဆာဆရာတို့သည် ညစ်ညူးသောအကျင့်ဓလေ့ရှိကြသည်။

ကျ။ ညစ်ညူးသောအကျင့်ဓလေ့ (ဂရိ-aselgeia/aselgeiais)သည်-

- စည်းမရှိသော အကျင့်၊
- အရဲတင်းသော အပြုအမူ၊
- လူထုနှင့် မဟပ်စပ်သော အပြုအမူ၊
- အာရုံကို အလိုလိုက်သော ဓလေ့ စသည်တို့ဖြစ်သည်။

ခ။ တနည်းအားဖြင့် 'စိတ်ရှုပေါက်ရာ လုပ်တတ်သောအကျင့်' ဟု ဆိုရပေမည်။

၂။ သူတို့၏ ညစ်ညူးသော အကျင့်ဓလေ့တို့ကို အများသောသူတို့သည် အတုယူ၍ သူတို့နောက်သို့ လိုက်ကြသည်။

၃။ ထိုသို့ မိစ္ဆာဆရာတို့ 'စိတ်ရှုပေါက်ရာ လုပ်တတ်သောအကျင့်' ကို လိုက်တုကြခြင်းအားဖြင့် -

က။ သမ္မာတရားလမ်းသည် အသရေပျက်စီးခြင်းသို့ ရောက်သည်။

ခ။ ခရစ်ယာန်တို့၏ ယုံကြည်သက်ဝင်မှုသည် နာမည်ပျက်၊ ပုံဏ္ဏာန်ပျက် ဖြစ်ကြသည်။

ဂ။ ဘုရားသခင်၏ အမည်နာမသည်လည်း ထိခိုက်နစ်နာခြင်းသို့ ရောက်စေသည်။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ သာသနာလုပ်ငန်း ရှင်သန်အောင်မြင်ရေး၌ အကျွန်ုပ်တို့၏ အသက်တာသည် အလွန်းလွန် အရေးပါသည်။

၂။ အကျွန်ုပ်တို့ အသက်တာအားဖြင့် သမ္မာတရား၏ အသရေသည် -

က။ ပိုမို ထင်ရှားနိုင်သည်။

ခ။ လုံးဝ ပျက်စီးသွားနိုင်သည်။

၃။ ဧဝံဂေလိတရားတော်ကို မိမိတို့ကိုယ်စီ အသက်တာဖြင့် အလှတန်ဆာဆင်၍ ထိန်းသိမ်းကြစို့။

## မိစ္ဆာဆရာတို့၏ နောင်ဘဝ

သူတို့သည် လောဘလွန်ကျူးလျက် ချော့မော့သော စကားနှင့် သင်တို့ကို ကုန်သွယ်ကြလိမ့်မည်။ သူတို့ ပြစ်စီရင်ခြင်းသည် ရှေးကာလမှ စ၍မဖင့်မနွဲ၊ သူတို့ ဖျက်ဆီးခြင်းသည်လည်း အိပ်၍မပျော်။ အကြောင်းမူကား၊ ပြစ်မှားသောကောင်းကင်တမန်တို့ကို ဘုရားသခင်သည် နှမြောတော်မမူ၊ ငရဲထဲသို့ချလိုက်ပြီးမှ စစ်ကြောစီရင်ခြင်းအလိုငှါ ချုပ်ထား၍၊ မှောင်မိုက်သံကြိုးနှင့် ချည်နှောင်တော်မူ၏။

(၂ပေ ၂း၃-၄)

**သူတို့သည် လောဘလွန်ကျူးလျက်. . .**

၁။ မိစ္ဆာဆရာတို့ကို ရည်ညွှန်းသည်။

၂။ မိစ္ဆာဆရာတို့သည်

က။ လောဘကို လွန်ကျူးကြသည်။

ခ။ ဟန်ဆောင်လျက် ချော့မော့သောစကား (ဂရိ-plastoislogois) ကို အသုံးချကြသည်။

- ကြံဖန်သော စကားလုံးများ၊
- အမှန်ရည်ရွယ်ခြင်းမပါသော စကားလုံးများ ကိုအသုံးချကြသည်။

၃။ မိစ္ဆာဆရာတို့သည် ယုံကြည်သူများကို ဟန်ဆောင်လျက် ချော့မော့သောစကားများဖြင့် ကုန်သွယ် ကြသည်။

 က။ ကုန်ကွယ် (ဂရိ-emporeuomai/emporeusontai) သည် -
(၁) အရောင်းအဝယ် လုပ်သည်၊
(၂) ရောင်းစားသည်၊
(၃) အမြတ်အစွန်းရှာသည် စသည်တို့ဖြစ်သည်။
ခ။ မိစ္ဆာဆရာတို့သည် ယုံကြည်ခြင်း၌ ခိုင်ခံ့ခြင်းမရှိသောခရစ်ယာန်များကို မိမိတို့ကိုယ်ကျိုးအတွက် အသုံးချကြသည်။
ဂ။ မိစ္ဆာဆရာတို့သည် ယုံကြသည်သူများကို ရောင်းစားတတ်ကြသည်။

**သူတို့အပြစ် စီရင်ခြင်းသည်. . .**
၁။ ထိုမိစ္ဆာဆရာတို့သည် အမှန်ပျက်စီးကြလိမ့်မည်။
 က။ သူတို့အပြစ် စီရင်ခြင်းသည် ရှေးကာလကတည်းက -
- မဖင့်မနွဲ၊
- ရှိနေဆဲ၊
- မြင်ရတွေ့ရဆဲ၊ ဖြစ်သည်။
ခ။ သူတို့ပျက်စီးခြင်းသည်လည်း ရှေးကာလကတည်းက -
- အိပ်၍မပျော်၊
- အမှန်ရှိနေဆဲ။
- ကြားရ၊ မြင်ရဆဲ ဖြစ်သည်။
ဂ။ မိစ္ဆာဆရာတို့သည် အခုဘဝနှင့် နောင်ဘဝတို့၌ ပျက်စီးကြမည်မှာ မြေကြီးလက်ခပ်မလွဲ သေချာသည်။

**အကြောင်းမူကား၊ ပြစ်မှားသော ကောင်းကင်တမန်တို့ကို. . .**
၁။ တစ်ချို့သောကောင်းကင်တမန်တို့သည် -
က။ ဘုရားသခင်ကို အန်တုဆန့်ကျင်ခဲ့ကြသည်။
ခ။ ဘုရားသခင်ကို ပြစ်မှားခဲ့ကြသည်။

ဂ။ ထို့ကြောင့် ကောင်းကင်ဘုံမှ နှင်ထုတ်ခြင်းခံကြရသည်။
(ဗျာဒိတ် ၁၂း၄)

၂။ အပြစ်ကျူးလွန်သော ကောင်းကင်တမန်တို့ကို ဘုရားသခင်သည် -
က။ နှမြောခြင်းမရှိ။
ခ။ ငရဲထဲသို့ ပစ်ချစ်လိုက်သည်။
- အဆုံးမရှိသော အမှောင်တွင်းထဲ့သို့ ပစ်ချလိုက်သည်။
- ဂရိ-tartaroo/tartarosas သည် -
၁) Tartarus အမည်ရှိသော ငရဲတွင်းထဲသို့ ပစ်ချသည်၊
၂) အောက်ခြေအဆုံးမရှိသော ငရဲတွင်းထဲသို့ ပစ်ချ သည် စသည်တို့မှ ဆင်းသက်သောကြိရိယာ ဖြစ်သည်။

၃။ ဘုရားသခင်သည် ထိုအောက်ခြေအဆုံးမရှိသော ငရဲတွင်း၌ ပြစ်မှားသော ကောင်းကင်တမန်တို့ကို -
က။ ထားတော်မူသည်။
ခ။ မှောင်မိုက်သံကြိုးနှင့် ချည်နှောင်တော်မူသည်။

၄။ ပြစ်မှားသော ကောင်းကင်တမန်တို့သည် ထိုအရပ်မှ (အောက်ခြေအဆုံးမရှိသော ငရဲတွင်းမှ) တနေ့ခါ ထုတ်၍ အပြစ်စီရင်ခြင်း ခံရဦးမည် ဖြစ်သည်။ (ယုဒ ၁း၆)

**ဗဟုသုတ**

၁။ နောက်ဆုံးတရားစီရင်ခြင်းမတိုင်မှီ ပြစ်မှားသောကောင်းကင်တမန်တို့သည် Tartarus (အောက်ခြေအဆုံးမရှိသော ငရဲတွင်း) ၌ ချုပ်နှောင်ခြင်းခံလျက် ရှိကြသည်။

၂။ နောက်ဆုံးတရားစီရင်ခြင်း မတိုင်မှီ သေသောသူများသည် Hades (သေရွာ) ၌ ပုန်းနေကြရသည်။

၃။ နောက်ဆုံး တရားစီရင်ခြင်း ပြီးနောက် မတရားသောသူအပေါင်းတို့သည် Gehenna (ထာဝရ ငရဲမီးအိုင်) ၌ အဆုံးမရှိ ပြစ်ဒဏ်ခပ် ခြင်းခံရမည်။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ အကျွန်ုပ်တို့အလယ်၌ မိစ္ဆာဆရာများစွာ ရှိကြသည်မှာ လုံးဝသံသယ မရှိစရာ မလိုပေ။

၂။ ထို့ကြောင့် ခရစ်ယာန် အမှုတော်ဆောင်သူတိုင်းကို ချက်ခြင်း ယုံကြည် လက်ခံခြင်း မပြုသင့်။

၃။ မိမိတို့ ကိုယ်တိုင်သည်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်အညီ ပြုပြင်ပြောင်းလဲခြင်း မရှိပါက မိစ္ဆာဆရာပင် ဖြစ်နိုင်သည်။

၄။ တိမောသေကဲ့သို့ ဘုရားသခင်ကိုယ်တိုင် လက်ခံအတည်ပြုသော အမှုတော်ဆောင်အဖြစ် မိမိကိုယ်ကို ကြိုးစား၍ ဆက်ကပ်အပ်နှံရမည်။

(၂ တိ ၂း၁၅)

# အပြစ်များသောသူများ၏ ပုံသက်သေ

ရှေးလောက ခေတ်ကိုလည်း နှမြောတော်မမူ။
ဖြောင့်မတ်ခြင်းတရားကို ဟောသောနောဧနှင့်
လူခုနှစ်ယောက်တို့ကို စောင့်မတော်မူ၍၊
ဘုရားကို မကိုးကွယ်သော လောကီသား
အပေါင်းတို့ကို ရေလွှမ်းမိုးစေတော်မူ၏။
သောဒုံမြို့နှင့်ဂေါမောရမြို့တို့ကို မီးရှို့ဖျက်ဆီးရာ၊
ဒဏ်စီရင်တော်မူသဖြင့် နောင်၌ မတရားသော
အကျင့်ကို ကျင့်အံ့သောသူတို့အား ပုံသက်သေကို
ထားတော်မူ၏။

(၂ ပေ ၂း၅-၆)

**ရှေးလောက ခေတ်ကိုလည်း. . .**

၁။ ဘုရားသခင်သည် ပြစ်မှားသောကောင်းကင်တမန်တို့ကို နှမြောခြင်းမရှိ။ (၂ပေ ၂း၄)

၂။ ထိုနည်းတ၊ အပြစ်ကျူးလွန်သော ရှေးလောက ခေတ် (ရှေးကာလက ကမ္ဘာသူ/သားတို့) ကို နှမြောခြင်းမရှိ။

က။ ဒဏ်ခပ်၍ လူသားတို့ကို ရေ၌ နစ်မြုပ်စေခဲ့သည်။

ခ။ ရေအားဖြင့် (ကမ္ဘာကို) ဆေးကြောခဲ့သည်။

၃။ ပို၍ အသေးစိတ်အားဖြင့် ဖော်ပြရလျှင် -

က။ နောဧနှင့် သူ၏မိသားစုဝင် ခုနှစ်တို့ကို ဘုရားသခင်သည်စောင့်မတော်မူသည်။

- နောဧသည် ဖြောင့်မတ်ခြင်းတရားကို ဟောသောသူဖြစ်သည်။
- နောဧ၏ မိသားစုဝင်တို့သည် နောဧဟောသောတရားကို လက်ခံလိုက်လျှောက်ကြသည်။

ခ။ သို့သော် ဘုရားသခင်ကို မကိုးကွယ်သော လောကီသားအပေါင်း တို့ကို ဘုရားသခင်သည် စောင့်မတော်မမူပေ။ ထိုသူအပေါင်းတို့ကို ဘုရားသခင်သည် ရေလွှမ်းမိုးစေတော်မူသည်။ (ကမ္ဘာ ၆-၈)

**သောဒုံမြို့နှင့် ဂေါမောရမြို့တို့ကို . . .**

၁။ နောဧခေတ်၌ ဘုရားမကိုးကွယ်သောသူတို့ကို ဘုရားသခင်သည် ရေလွှမ်းမိုးစေသသည်။
၂။ ထိုကဲ့သို့ ဘုရားသခင်ကို မကြောက်ရွံ့သော သောဒုံမြို့နှင့် ဂေါမောရ မြို့တို့ကိုလည်း ဘုရားသခင်သည် မီးရှို့၍ ဖျက်ဆီးတော်မူသည်။
၃။ ဤအကြောင်းအရာတို့ကို ကမ္ဘာဦးကျမ်း၌ အသေးစိတ်ဖတ်ရှုနိုင်သည်။ (ကမ္ဘာ ၁၉)

**ပုံသက်သေ**

၁။ ဘုရားသခင်ကို ပြစ်မှားသော ကောင်းကင်တမန်တို့သည် ဒဏ်ခပ်၍ တရားစီရင်ခြင်း ခံခဲ့ရကြသည်။
၂။ နောဧခေတ်က ဘုရားသခင်ကို မကိုးကွယ်သောသူအပေါင်းတို့သည် ရေလွှမ်းမိုးစေခြင်းဖြင့် အပြစ်ဒဏ်ပေးခြင်း ခံခဲ့ကြသည်။
၃။ လူနေမှုအဆင့် တိုးတတ်လာပြီးနောက် ဘုရားသခင်ကို မကြောက်ရွံ့ သော သောဒုံနှင့် ဂေါမောရ မြို့သူ/သားတို့သည် မီးရှို့ဖျက်ဆီးခြင်းကို ခံခဲ့ကြသည်။

၄။ မတရားသောအကျင့်ကို ကျင့်သောသူတိုင်းသည် အပြစ်ဒဏ်စီရင်ခြင်း ခံရမည်ကို သက်သေထူကြသည်။
၅။ သူတို့၏ ပုံသက်သေအားဖြင့် သင်ခန်းစာ ရယူကြရမည်။
(ရောမ ၁၅း၄)

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ ဘုရားသခင်သည် မတရားသောသူတို့ကို ဧကန်မုချ ဒဏ်ခပ်မည်။
၂။ ဘုရားသခင်သည် သူ့ကိုကြောက်ရွံ့သောသူတို့ကိုမူ တနည်းနည်းဖြင့် ကယ်တင်မည်။
၃။ ရှေးခေတ်ကတည်းက ဖြစ်သော ပုံသက်သေများအားဖြင့် ဘ၀သင်ခန်းစာ ယူကြပါစို့။
၄။ မကောင်းသော ပုံသက်သေများစွာတို့ကို ကျမ်းစာ၌ ရေးသားထား ရခြင်းမှာ မကြုံခင် သိစေလိုသောကြောင့်ဖြစ်သည်။ ထာ၀ရငရဲပြည် ၌ အပြစ်ဒဏ်ခပ်ခြင်းကို ကြုံမှ သိပါက နောက်ကျနေပြီ ဖြစ်သည်။

## ဖြောင့်မတ်သောသူတို့၏ ဒုက္ခ

ထိုအခါ မတရားသောသူတို့၏ ညစ်ညူးသော အကျင့်အားဖြင့် နှောင့်ရှက်ခြင်းကို ခံရသောသူ၊ ဖြောင့်မတ်သောလောတကို ကယ်နှုတ်တော်မူ၏။ ထိုဖြောင့်မတ်သောသူတို့သည် မတရားသောသူတို့တွင် နေစဉ်အခါ၊ သူတို့၏ မတရားသောအမှုများကို နေ့တိုင်းမပြတ်မျက်စိမြင်လျက်၊ နားကြားလျက်ရှိသဖြင့်၊ မိမိဖြောင့်မတ်သောစိတ်နှလုံးကို ပြင်းစွာညှဉ်းဆဲရ၏။

(၂ပေ ၂း၇-၈)

**ထိုအခါ မတရားသောသူတို့၏ ညစ်ညူးသော. . .**

၁။ ညစ်ညူးသောအကျင့် (ဂရိ-aselgeia anastrophes) သည် -

က။ အာရုံကို ဗဟိုပြုသော အကျင့်၊

ခ။ ကိလေသာစိတ်လွှမ်းမိုးသော အကျင့်၊

ဂ။ ကာမဂုဏ်လွန်ကျူးသောအကျင့် စသည်တို့ဖြစ်သည်။

၂။ မတရားသောသူ (ဂရိ-athesmos) သည် -

 က။ ထိန်းချုပ်ခြင်းမရှိသောသူ၊

ခ။ လိင်ပိုင်းဆိုင်ရာ၌ စည်းကမ်းမရှိသောသူ၊

ဂ။ ဥပဒေမလေးစား၊ မလိုက်နာသောသူ စသည်တို့ဖြစ်သည်။

၃။ မတရားသောသူတို့သည် မိမိတို့၏ အာရုံကို ဗဟိုပြု၍ စည်းမဲ့ကမ်းမဲ့နေထိုင်ကြသည်။

၄။ ဖြောင့်မတ်သောသူတို့သည် မတရားသောသူတို့၏ ညစ်ညူးသောအကျင့်အားဖြင့် နှောင့်ရှက်ခြင်းခံကြရသည်။

**ဖြောင့်မတ်သောသူတို့သည် မတရားသောသူတို့၏ ညစ်ညူး သောအကျင့်အားဖြင့် မည်သို့နှောက်ယှက်ခြင်း ခံကြရသနည်း။**

၁။ ဖြောင့်မတ်သောသူတို့သည် -

က။ မတရားသောသူတို့၏ ဆောင်ရွက်သောအမှုများကို နေ့တိုင်းမြင်နေခြင်းဖြင့် လည်းကောင်း၊

ခ။ မတရားသောသူတို့၏ မတရားသောအမှုများကို အစဉ် ကြားနာ နေခြင်းဖြင့် လည်းကောင်း နှောက်ယှက်ခြင်းကို ခံကြရသည်။

၂။ ဖြောင့်မတ်သောသူတို့၏ စိတ်နှလုံးသည် မတရားသောအမှုများ ကြောင့် ပြင်းစွာ ညှဉ်းဆဲခြင်းခံရသည်။

**ဖြောင့်မတ်သော လောတကို ကယ်နှုတ်တော်မူ၏**

၁။ သောဒုံနှင့် ဂေါမောရမြို့သူ၊ သားများသည် လိင်ပိုင်းဆိုင်ရာ၌ မိမိကိုယ်ကို ထိန်းချုပ်ခြင်းမရှိသော (စည်းမရှိသော) သူများဖြစ်ကြသည်။

၂။ ဖြောင့်မတ်သော လောတ (သူတို့)သည် -

က။ မတရားသောသူတို့ကြောင့် လည်းကောင်း၊

ခ။ မတရားသောအမှုများကြောင့် လည်းကောင်း စိတ်သောက ရောက်ရကြသည်။

၃။ ဘုရားသခင်သည် ဖြောင့်မတ်သောလောတကို -

သောဒုံနှင့် ဂေါမောရမြို့တို့မှ ကယ်နှုတ်တော်မူသည်။ (ကမ္ဘာ ၁၉ )

၄။ 'ဖြောင့်မတ်ခြင်း တရားကြောင့် နှင့်ယှက်ညှဉ်းဆဲခြင်းကို ခံရသော သူတို့သည် မင်္ဂလာရှိကြ၏. . .'။ (မဿဲ ၅း၁၀)

၅။ ဖြောင့်မတ်ခြင်းကြောင့် ခံစားရသော ဒုက္ခသည် ထာဝရအသက်နှင့် ယှဉ်သော သုက္ခလမ်းစဉ် ဖြစ်သည်။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ ဖြောင့်မတ်သောသူတို့သည် မိမိကိုယ်ကို ကောင်းအောင်သာ ကြိုးစားနေသောသူများ မဟုတ်။

၂။ ဖြောင့်မတ်သောသူတို့သည် မိမိပတ်ဝန်းကျင်နှင့် အသိုင်းအဝန်းကိုလည်း မိမိကဲ့သို့ ကောင်း (ဖြောင့်မတ်) စေလိုသောသူများ ဖြစ်ကြသည်။

၃။ ထို့ကြောင့်၊ ပတ်ဝန်းကျင်ကြောင့် စိတ်သောကရောက်နေရသော်လည်း၊ ပတ်ဝန်းကျင်အသိုင်းအဝန်းနှင့် စပ်လျဉ်းသော လိုအပ်သော အရာများကို ဘုရားပေးတာဝန် သဖွယ်ခံယူ၍ ဆောင်ရွက်တတ်ကြသည်။

# မထီမဲ့မြင်ပြုသောသူတို့ကို ဘုရားသခင် တုံ့ပြန်ခြင်း

ဘုရားဝတ်၌ မွေ့လျော်သောသူတို့ကို စုံစမ်းနှောင့်
ယှက်ခြင်းအထဲက ကယ်နှုတ်ခြင်းငှါရင်း၊ မတရား
သောသူတို့ကိုဒဏ်ခံစေမည်အကြောင်း၊ ညစ်ညူးသော
တပ်မက်ခြင်းကိလေသာနှင့် တကွ၊ ကာမဂုဏ်အလို
သို့လိုက်၍၊ အာဏာစက်ကို မထီမဲ့မြင်ပြုသောသူတို့
ကို အထူးသဖြင့်ဒဏ်ခံစေမည်အကြောင်း၊ တရားဆုံး
ဖြတ်သောနေ့အဘို့ချုပ်ထားခြင်းငှါရင်း၊ ထာဝရ
ဘုရားသည် တတ်နိုင်တော်မူ၏။ ထိုသူတို့သည် ရဲရင့်
သောသူ၊ ကိုယ်အလိုသို့လိုက်တတ်သောသူဖြစ်၍၊
ဘုန်းတန်ခိုးကြီးသောသူတို့ကို ကဲ့ရဲ့ပုံကြ၏။
(၂ပေ ၂း၉-၁၀)

ဘုရားဝတ်၌ မွေ့လျော်သောသူတို့ကို. . .

၁။ ဘုရားသခင် တတ်နိုင်သောအရာများမှာ-

က။ ဘုရားဝတ်၌ မွေ့လျော်သောသူ (ဂရိ-eusebes/eusebeis = ဘုရားကို ကြောက်သောသူ၊ ဘုရားတရားရှိသောသူ) တို့ကိုစုံစမ်းနှောက်ယှက်ခြင်းမှ ကယ်နှုတ်နိုင်သည်။

ခ။ မတရားသောသူ (ဂရိ-adikos/adikous = မဖြောင့်မတ်သောသူ၊ မမှန်ကန်သောသူ ) တို့ကို ဒဏ်ခံစေနိုင်သည်။ ထိုသူတို့၌ -

- သောဒုံနှင့်ဂေါမောရမြို့သူ/သားများ၊
- ဘုရားသခင်ကို ပြစ်မှားသော ကောင်းကင်တမန်များစသည်တို့ ပါဝင်ကြသည်။

၈။ အထူးသဖြင့် စာတန်မာရ်နတ်နှင့် အပေါင်းအပါတို့ကို တရားဆုံးဖြတ်သောနေ့ထိတိုင် ချုပ်၍ ထိန်းထားနိုင်သည်။

**ထိုသူတို့သည်. . .**

၁။ ညစ်ညူးသောတပ်မက်ခြင်း -

၂။ ကိလေသာနှင့်တကွ ကာမဂုဏ်အလိုသို့လိုက်ခြင်း၊

၃။ အာဏာစက်ကို မထီမဲ့မြင်ပြုခြင်း၊

က။ ဘုရားသခင် သတ်မှတ်ခန့်ထားသော အာဏာစက်ကို အလေးမထားခြင်း ဖြစ်သည်။

ခ။ ဘုရားသခင်၏ နှုတ်ထွက်စကားတော်ကို မယုံသင်္ကာရှိနေခြင်းသည် မထီမဲ့မြင်ပြုခြင်း ဖြစ်သည်။

၄။ အရဲတင်းခြင်း -

က။ မသိနားမလည်ဘဲ ယူဆခြင်းသည် အရဲတင်းခြင်း ဖြစ်သည်။

ခ။ မိုက်မဲသောသူသည် သတ္တိမရှိသောကြောင့် အရဲတင်းသည်။

၅။ ကိုယ်အလိုအတိုင်း နေထိုင်ခြင်း -

၆။ ဘုန်းတန်ခိုးကြီးသောသူတို့ကို ကဲ့ရဲ့ပုံ့ခြင်း စသည်တို့ကို လွန်ကျူးကြသည်။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ မတရားသောသူနှင့် မထီမဲ့မြင်ပြုသောသူတို့ကို ဘုရားသခင်အမှန်အပြစ်ဒဏ်ခပ်မည် ဖြစ်သည်။

၂။ အဘယ်သူမျှ ဘုရားသခင်၏တရားစီရင်ခြင်းအမှုနှင့် မကင်းလွတ်နိုင်။

၃။ သခင်ခရစ်တော်ကို လက်ခံယုံကြည်သောသူတို့သာလျှင် အပြစ်စီရင်ခြင်းနှင့် အစဉ် ကင်းလွတ်မည် ဖြစ်သည်။ (ရောမ ၈း၁)

## ကောင်းကင်တမန်တို့၏ ပုံသက်သေ

> ကောင်းကင်တမန်တို့မူကား၊ သူတို့ထက်ခွန်အား
> တန်ခိုးကြီးသော်လည်း၊ ထာဝရဘုရားရှေ့တော်၌
> သူတို့အားကဲ့ရဲ့စွာသော ပြစ်တင်ခြင်းကို မပြုကြ။
> သူတို့မူကား၊ ဘမ်း၍ ဖျက်ဆီးဘို့ရာ ဖန်ဆင်းသော
> တိရိစ္ဆာန်သက်သက်ကဲ့သို့၊ မိမိတို့နားမလည်သော
> အရာကို ကဲ့ရဲ့လျက်၊ မိမိတို့ပုပ်ပျက်သောအားဖြင့်
> အကုန်အစင်ပျက်စီးခြင်းသို့ရောက်၍၊ မတရားသော
> အမှု၏အပြစ်ကို ခံရကြလိမ့်မည်။
>
> (၂ပေ ၁၁-၁၂)

**ကောင်းကင်တမန်တို့မူကား. . .**

၁။ကောင်းကင်တမန်တို့သည် -

- က။ မတရားသောသူတို့နှင့်
- ခ။ သောဒုံနှင့် ဂေါမောရမြို့သူ သားများထက်ခွန်အားလတန်ခိုးကြီး ကြသည်။

၂။ သို့သော် ကောင်းကင်တမန်တို့သည် မတရားသောသူတို့အား ဘုရားသခင်ရှေ့တော်၌ ကဲ့ရဲ့စွာ ပြစ်တင်ခြင်းကို မပြုကြပေ။

၃။ ဤ အချက်ကို ကမ္ဘာဦးကျမ်း ၁၉ ၌ သေချာဖတ်ရှုနိုင်သည်။

**သူတို့မူကား. . .**

၁။ 'သူတို့မူကား' သည် မတရားသောသူတို့ကို ရည်ညွှန်းသည်။

၂။ ထိုမတရားသောသူတို့သည် ဖမ်း၍ ဖျက်ဆီးဖို့ရာ ဖန်ဆင်းသော တိရိစ္ဆာန်များကဲ့သို့ ဖြစ်ကြသည်။

က။ ဆင်ခြင်တုံတရားကင်းမဲ့သောသူများ ဖြစ်ကြသည်။

ခ။ မိမိတို့ နားမလည်သောအရာကို ကဲ့ရဲ့ကြသည်။

ဂ။ မိမိတို့၏ ပုပ်ပျက်ခြင်းအမှု၌ ပျက်စီးကြသည်။

၃။ တနည်းအားဖြင့် မတရားသောသူတို့သည် မတရားသောအမှု၏ အပြစ်ကို ခံရကြမည်ဖြစ်သည်။

**ထပ်၍ လေ့လာခြင်း**

၁။ ကောင်းကင်တမန်တို့သည် ခွန်အားတန်ခိုးကြီးသော ဘုရားသခင်၏ အစေခံများ ဖြစ်ကြသည်။

က။ ခွန်အား (ဂရိ-ischus) သည် -

- အစွမ်းအစ၊
- ခွန်အား နှင့်
- တွန်းအား စသည်တို့ဖြစ်သည်။

ခ။ တန်ခိုး (ဂရိ-dunamis) သည် -

- အစွမ်းတန်ခိုး နှင့်
- အံ့ဖွယ်သောအစွမ်း စသည်တို့ဖြစ်သည်။

၂။ ကောင်းကင်တမန်တို့သည် အခွင့်အာဏာရှိသော ဘုရားသခင်၏ အစေခံများလည်း ဖြစ်ကြသည်။

က။ ဘုရားသခင်ကိုယ်တိုင်၏ စေလွှတ်ခြင်းကို ခံရကြသောကြောင့် ဘုရားသခင်ပေးသော အခွင့်အာဏာကို ပိုင်ဆိုင်ကြသည်။

ခ။ ဘုရားသခင်၏ ကိုယ်စားလှယ်များအဖြစ် (လောက၌) ထင်ရှား
သောကြောင့် ဘုရားသခင်၏အခွင့်အာဏာကို ပိုင်ဆိုင်ကြသည်။

၃။ ကောင်းကင်တမန်တို့သည် ဘုရားသခင်ရှေ့တော်၌ သူတပါး (မတရား
သောသူတို့)ကို ကဲ့ရဲ့စွာပြစ်တင်ခြင်း မပြုကြပေ။

က။ သောဒုံနှင့် ဂေါမောရမြို့သူ၊ သားများကို ကဲ့ရဲ့စွာပြစ်တင်ခြင်း မပြု။
ထိုသူတို့သည် မိမိတို့၏ ပုပ်ပျက်ခြင်းအမှု၌သာ ပျက်စီးခြင်း ဖြစ်သည်။

ခ။ ကောင်းကင်တမန်မင်း မိက္ခေလသည် မာရ်နတ်ကို ကဲ့ရဲ့ပြစ်တင်
ခြင်းမပြုဘဲ သင့်ကိုဘုရားသခင် ဆုံးမတော်မူသည် ဟူ၍သာပြော
ဆို၏။ (ယုဒ ၁း၉)

၄။ အကျွန်ုပ်တို့သည်လည်း ကောင်းကင်တမန်များနည်းတူ သူတပါးအား
ကဲ့ရဲ့ပြစ်တင်ခြင်းများကို ရှောင်ကြရမည် ဖြစ်သည်။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ ကောင်းကင်တမန်တို့သည် ဘုရားသခင်၏ သတ်မှတ်ထားသော
အာဏာစက်ကို မထီမဲ့မြင်မပြုကြပေ။

၂။ သက်သေအားဖြင့် ကောင်းကင်တမန်မင်း မိက္ခေလသည် မာရ်နတ်
ကို ကဲ့ရဲ့စွာပြစ်တင်ခြင်း မလုပ်ပေ။

၃။ ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း သူတပါးအား လွန်ကျူးလျက် ကဲ့ရဲ့
ခြင်းကို ရှောင်ကြရပါမည်။

၄။ အထူးသဖြင့် ယုံကြည်ခြင်းညီအစ်ကိုများကို ဝေဖန်ကဲ့ရဲ့ခြင်းသည်
အပြစ်ပင် ဖြစ်သည် (ယာကု ၄း၁၁)။ ထိုသို့ပြုသောသူသည် မိမိ
ကိုယ်ကို တရားစီရင်သူအဖြစ် တင်မြှောက်သောအပြစ်ကျူးလွန်သည်။

## မတရားသောသူတို့၏ ဝါဒ

နေ့အချိန်၌ပင် လွန်ကျူးစွာကာမဂုဏ်ခံစားခြင်း
အမှုသည် ပျော်မွေ့ရာဖြစ်သည်ဟု သူတို့သဘော
ရှိ၏။ သင်တို့နှင့်အတူ စားသောက်ပွဲလုပ်သောအခါ
မိမိတို့ မှားယွင်းသောသဘောနှင့် လွန်ကျူးစွာ
ကာမဂုဏ်ခံစား၍၊ သင်တို့၌ အညစ်အကြေးအစွန်း
အကွက်ဖြစ်ကြ၏။ သူတို့သည် သူ့မယားကိုပြစ်မှား
သော ကိလေသာနှင့် ပြည့်စုံသော မျက်စိရှိ၍၊ ဒုစ
ရိုက်ကို မပြုဘဲမနေနိုင်ကြ၊ စိတ်နှလုံးမတည်ကြည်
သောသူတို့ကို အပြစ်သို့သွေးဆောင်တတ်ကြသည်။
လောဘလွန်ကျူးခြင်း၌ ကျိန်တော်မူခြင်း၏သား
ဖြစ်ကြ၏။ (၂ပေ ၂း၁၃-၁)

**နေ့အချိန်၌ပင် လွန်ကျူးစွာ ကာမဂုဏ်ခံစားခြင်းအမှုသည်. . .**

၁။ မတရားသောသူနှင့် ဘုရားသခင်ကို မကြောက်သောသူများ ဖြစ်ကြသည်။ ထိုသူတို့သည် -

က။ အပျော်အပါးကို လွန်စွာလိုက်စားတတ်ကြသည်။

ခ။ နေ့ခင်း၌ (အလုပ်လုပ်ရမည့်အချိန်၌)ပင်လျှင် အလုပ်မလုပ်ဘဲ ကာမဂုဏ်ခံစားခြင်းကို မြတ်နိုးလျက် လွန်ကျူးနေကြသည်။

ဂ။ ပျော်ပျော်နေသေခဲ ဟူသောဝါဒကို ဆွဲကိုင်ကြသည်။

၂။ မတရားသောသူတို့သည် စားသောက်ပွဲများ၌လည်း -

က။ သူတို့၏ မှားယွင်းသော အယူဝါဒအတိုင်း အပျော်လွန်တတ်ကြသည်။

ခ။ ကာမဂုဏ်ကို လွန်ကျူးစွာ မြတ်နိုးသောကြောင့် စစ်မှန်သောယုံကြည်သူခရစ်ယာန်များကြား၌ အညစ်အကြေးအစွန်းအကွက် (အမည်းစက်များ) များဖြစ်စေကြသည်။

**သူတို့သည် သူ့မယားကို ပြစ်မှားသော ကိလေသာနှင့်. . .**

၁။ မတရားသောသူတို့သည် -

ကျ။ သူ့မယားကို ပြစ်မှားလိုသောကိလေသာ စိတ်ရှိကြသည်။

ခ။ သူ့မယားကို ပြစ်မှားလိုသော ကိလေသာစိတ်နှင့် ပြည့်သောမျက်စိရှိကြသည်။

၂။ ထို့ကြောင့် သူတို့သည် -

က။ ဒုစရိုက်အပြစ်ကို မပြုဘဲမနေနိုင်ကြ။

ခ။ ဒုစရိုက်အပြစ်ကို မရပ်မနား ပြုနေကြသည်။

၃။ ထို့အပြင် မတရားသောသူတို့သည် -

က။ သူတစ်ပါးတို့အား အပြစ်သို့ သွေးဆောင်တတ်ကြသည်။

ခ။ စိတ်နှလုံး မတည်ကြည်သောသူ (စိတ်နှလုံးခိုင်ခံ့ခြင်းမရှိသောသူ) တို့ကို အပြစ်သို့ သွေးဆောင်တတ်ကြသည်။

ဂ။ လောဘလွန်ကျူးခြင်း၌ ကျင်လည်ကြသည်။

၄။ သူတို့သည် ကျိန်ခြင်း အမင်္ဂလာ၏ သားသမီးများ ဖြစ်ကြသည်။

က။ ကျိန်ခြင်းခံသောသားသမီးများ ဖြစ်ကြသည်။

ခ။ ဘုရားသခင်၏ ကျိန်ခြင်းကို ခံရသောသူများ ဖြစ်ကြသည်။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ မတရားသောသူတို့သည် မတရားသောလမ်း၌ ကျင်လည်ကျက်စား ကြသည်။

၂။ အတွေ့အကြုံနည်းသောသူများနှင့် အထူးသဖြင့် စိတ်နှလုံးခိုင်ခံ့ခြင်း မရှိသောသူတို့သည် အပြစ်သွေးဆောင်ရာသို့ လိုက်တတ်ကြသည်။

၃။ မတရားသောသူတို့သည် သူတပါးကို အပြစ်သို့ သွေးဆောင်နေကြသည်။

၄။ ဘုရားသခင်၏ သွေးဆောင်ခြင်းကလွဲ၍ အခြားသောသွေးဆောင် ခြင်း ဟူသမျှကို သတိနှင့်ရှောင်ရမည်။ သို့သော် ဘုရားသခင်၏ သွေးဆောင်ခြင်းကို ချက်ခြင်း အကောင်းဆုံး တုံ့ပြန်ပါ။

(ယောဟန် ၆း၄၄)

## ဗာလမ်၏လမ်း သတိပြုစရာ

ဖြောင့်မတ်သောလမ်းထဲက ထွက်၍ လွဲသွားသဖြင့်၊ ဗောသော် (ဗောရ)၏ သားဗာလမ်၏ လမ်းကို လိုက်ကြ၏။ ထိုဗာလမ်သည် မတရားသောအမှု၏ အခကို တပ်မက်၍၊ ဒုစရိုက်အတွက်ကြောင့် ဆုံးမခြင်းကို ခံရ၏။ အဘယ်သို့နည်းဟူမူကား၊ စကားမပြောနိုင်သောမြည်းသည် လူဘာသာအားဖြင့် မြွက်ဆို၍၊ ထိုပရောဖက်၏ မိုက်မဲခြင်းကို မြစ်တားလေ၏။
(၂ပေ ၂း၁၅-၁၆)

ဗာလမ်သည်

၁။ ဗောသော် (ဗောရ) ၏ သားဖြစ်သည်။

၂။ မောဘရှင်ဘုရင် ဗာလက်သည် ဗာလမ်အား အစ္စရေးလူမျိုးတို့ကို ကျိန်ဆဲစေသည်။

၃။ ထာဝရဘုရားသခင်သည် ဗာလမ်ကို တားဆီးသော်လည်း မိမိ၏လောဘကြောင့်၊ ဗာလက်ပင့်ခေါ်ရာကို လိုက်သွားသည်။

၄။ ဗာလမ်စီးသော မြည်းသည် ကောင်းကင်တမန်က တားဆီးသည်ကို သုံးကြိမ်တိုင်တိုင် မြင်သောအခါ၊ ဆက်မသွားဘဲ ဝပ်၍နေသည်။

၅။ ဗာလမ်သည်လည်း ဒေါသထွက်၍ တောင်ဝှေးနှင့် မြည်းကို ရိုက်လေသည်။

၆။ ထိုအခါ ထာဝရဘုရားသခင်သည် မြည်း၏နှုတ်ကို ဖွင့်တော်မူ၍ မြည်းသည် လူဘာသာစကားဖြင့် ဗာလမ်အား စကားပြောသည်။
(တော ၂၂)

**ဗာလမ်၏ လမ်း**

၁။ ဗာလမ်သည် မတရားသောအမှု၏ အခကို တပ်မက်သည်။

၂။ ဗာလမ်သည် ဘုရားသခင်တားမြစ်သောအရာကို လုပ်ဆောင်ရန် ကြိုးစား၍ လမ်းကြောင်းရှာသည်။

၃။ ဗာလမ်သည် ဖြောင့်မတ်သောလမ်း (ဘုရားသခင်နှစ်သက်တော်မူသောလမ်း)ကို စိတ်နှလုံးအကြွင်းမဲ့ လိုက်လျှောက်ခြင်းမရှိ။

၄။ ဗာလမ်သည် -

က။ ဒုစရိုက်ကို ပြုသောသူ၊

ခ။ မိုက်မဲသောသူ၊

ဂ။ တားမြစ်သောအမှု၏ အခကို တပ်မက်သောသူ ဖြစ်သည်။

**ဖြောင့်မတ်သောလမ်းထဲက ထွက်၍ . . .**

၁။ မတရားသောသူတို့သည် -

က။ ဗာလမ်၏ လမ်းကို လိုက်ကြသည်။

ခ။ ဖြောင့်မတ်သောလမ်းမှ ထွက်သွား၍ လွဲသွားကြသည်။

ဂ။ တားမြစ်သောအရာတို့ကို ပြုကြသည်။

ဃ။ မတရားသောအမှု၏ အခကို တပ်မက်ကြသည်။

၂။ မတရားသောသူတို့သည် မိမိတို့၏ ဒုစရိုက်အပြစ်များကြောင့်-

က။ ဆုံးမခြင်းခံရကြမည်။

ခ။ ဘုရားသခင်ကိုယ်တိုင်၏ တားမြစ်ခြင်းလည်း ခံရကြမည်။

ဂ။ အထူးသဖြင့်၊ သူတို့၏ မိုက်မဲခြင်းသည် ထင်ရှားလိမ့်မည်။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ ဘုရားသခင်တားမြစ်သော အမှုအရာတို့ကို ဆောင်ရွက်ရန် မကြိုးစား သင့်ပေ။ ဆုတောင်း၍လည်း အဖြေမရှာသင့်ပါ။

၂။ ထို့ကြောင့် ကျမ်းစာ၌ အတိအလင်း ရေးသားဖော်ပြထားသော ဒုစရိုက် အပြစ်များကို လုံးဝ ရှောင်ကြဉ်ရမည်။

၃။ မတရားသောအမှု၏ အခကို တပ်မက်ခြင်းသည် အပြစ်ဖြစ်သည်။

၄။ မတရားသောအမှုကို သော်လည်းကောင်း၊ ထိုအမှု၏ အခကို သော်လည်း ကောင်း၊ တပ်မတ်နေခြင်းသည် မိမိကိုယ်ကို သေကြောင်းကြံနေခြင်းပင် ဖြစ်သည်။

၅။ ဗာလမ်ကဲ့သို့ မကောင်းသောအမှု၌ ပုံသက်သေ မဖြစ်ကောင်းပေ။ ရှောင်ကြဉ်ရမည့် အရာဖြစ်သည်။

## မိစ္ဆာဆရာတို့၏ ထာဝရဘုံ

ထိုသူတို့သည် ရေမရှိသော ရေတွင်းကဲ့သို့၄င်း၊ လေ
တိုက်၍ လွင့်သောမိုးယံတိမ်ကဲ့သို့၄င်း ဖြစ်ကြ၏။
သူတို့အဘို့ တခဲနက်သော ထာဝရမှောင်မိုက်ကို သို
ထားလျက်ရှိ၏။ အကြောင်းမူကား၊ မှားယွင်းခြင်း၌
ကျင်လည်သောသူတို့အထဲက ပြေးထွက်လုသောသူတို့
ကို၊ ထောင်လွှားသော အချည်းနှီးစကားပြောသည်
နှင့်၊ ဇာတိပကတိ တပ်မက်ခြင်း၊ ကိလေသာလွန်ကျူး
ခြင်းအားဖြင့် အပြစ်သို့ သွေးဆောင်တတ်ကြ၏။
(၂ပေ ၂း၁၇-၁၈)

**ထိုသူတို့ . . .**

၁။ 'ထိုသူတို့' သည် မိစ္ဆာဆရာတို့ကို ရည်ညွှန်းသည်။

၂။ မိစ္ဆာဆရာတို့သည် -

က။ ရေမရှိသော ရေတွင်း နှင့်

ခ။ လေတိုက်၍ လွင့်သောမိုးတိမ်များကဲ့သို့ ဖြစ်ကြသည်။

၃။ ဆိုလိုသည်မှာ - မိစ္ဆာဆရာတို့သည် ဆရာသမားသဏ္ဌာန်သာ ပိုင်ဆိုင်၍၊ အရည်အချင်း အမှန်မရှိသောသူများ ဖြစ်ကြသည်။

**သူတို့အဘို့ . . .**

၁။ မိစ္ဆာဆရာတို့အတွက် ဘုရားသခင်သည် ထာဝရမှောင်မိုက်ကို သိုထားလျက် ရှိသည်။

၂။ မိစ္ဆာဆရာတို့သည် ထာဝရမှောင်မိုက်၌ တစ်နေ့ စွန့်ပစ်ခြင်းခံရကြမည်။

၃။ တစ်နည်းအားဖြင့်ဆိုသော် သူတို့သည် ထာဝရမှောင်မိုက်အပြစ်ဒဏ်ခပ်ခြင်း ခံကြရမည် ဖြစ်သည်။

**အကြောင်းမူကား. . .**

၁။ မိစ္ဆာဆရာတို့သည် မှားယွင်းခြင်း၌ ကျင်လည်သောသူတို့ထဲက ထွက်လုသောသူတို့ကို အပြစ်သို့ သွေးဆောင်တတ်ကြသည်။

၂။ မည်သို့ သွေးဆောင်သနည်း။ မိစ္ဆာဆရာတို့သည် -

က။ ထောင်လွှားသော အချည်းနှီးစကားများကို ပြောခြင်းဖြင့်လည်းကောင်း၊

ခ။ ဇာတိပကတိ တပ်မက်ခြင်းဖြင့် လည်းကောင်း၊

ဂ။ ကိလေသာ လွန်ကျူးခြင်းဖြင့် လည်းကောင်း အပြစ်သို့ သွေးဆောင်ကြသည်။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ အပြင်ပုံသဏ္ဌာန်ကိုသာ ကြည့်ပြီး မည်သူ့ကိုမျှ အထင်မကြီးသင့်ပေ။ အမှုအယာပုံသဏ္ဌာန်ကြောင့်ဖြင့် အထင်ကြီးနေရန် မသင့်ပါ။

၂။ စကားချိုချိုလှလှနှင့် ပြောသောသူတိုင်းသည်လည်း သူတော်ကောင်းများ မဟုတ်ကြပေ။

၃။ ထို့ကြောင့် မြင်သမျှ၊ ကြားသမျှသောအမှုတို့ကို ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဆင်ခြင်သုံးသပ်ရပါမည်။ (တမန် ၁၇း၁၁)

၄။ နှုတ်ကပတ်တော်သည် အကျွန်ုပ်တို့အတွက် အလင်းဖြစ်သည်။ (ဆာလံ ၃၆း၉၊ ၂ ကော ၄း၃-၄)

# ပုပ်ပျက်ခြင်း၏ ကျွန်

လွတ်ခြင်းအခွင့်ရှိသည်ဟု ဝန်ခံလျက်ပင်၊ ကိုယ်တိုင် ပုပ်ပျက်ခြင်း၏ ကျွန်ဖြစ်ကြ၏။ အဘယ်သို့နည်း ဟူမူကား၊ လူကိုနိုင်သောအရာသည် လူ၏သခင်ဖြစ်၏။ ကယ်တင်တော်မူသော အရှင်သခင် ယေရှုခရစ်ကို သိကျွမ်းခြင်းအားဖြင့်၊ လောကီညစ်ညူးခြင်းနှင့်ကင်း လွတ်ပြီးမှ၊ တဖန်ကျော့မိ၍ ရှုံးလျှင်၊ နောက်ဖြစ်ဟန် သည် ရှေးဖြစ်ဟန်ထက် သာ၍ဆိုး၏။

(၂ပေ ၂း၁၉-၂၀)

**လွတ်ခြင်းအခွင့်ရှိသည်ဟု. . .**

၁။ လွတ်ခြင်း (ဂရိ-eleutheria/eleutherian) သည် -

က။ ကျွန်ဘဝမှ လွတ်မြောက်ခြင်း၊

ခ။ လွတ်လပ်နေသော အနေအထား စသည်တို့ဖြစ်သည်။

၂။ မိစ္ဆာဆရာတို့သည် လွတ်ခြင်းအခွင့်ကို -

က။ ဝန်ခံကြသည်။

ခ။ ကြွေးကြော်ကြသည်။

၃။ သို့သော် သူတို့သည် ပုပ်ပျက် (အကျင့်ပျက်) လျက် ရှိကြသည်။

၄။ ထို့ကြောင့် သူတို့သည် ထိုပုပ်ပျက်ခြင်း၏ ကျွန်ဖြစ်နေကြသည်။

**အဘယ်သို့နည်း ဟူမူကား. . .**

၁။ လူကိုနိုင်သောအရာသည် လူ၏ သခင်ဖြစ်သည်။

၂။ ဆိုလိုသည်မှာ -

 က။ ပုပ်ပျက်ခြင်းသည် မိစ္ဆာဆရာတို့ကို အနိုင်ယူသည်။

ခ။ ထို့ကြောင့် မိစ္ဆာဆရာတို့သည် ပုပ်ပျက်ခြင်း၏ ကျွန်ဖြစ်ကြသည်။

**ကယ်တင်တော်မူသော အရှင်သခင်. . .**

၁။ သခင်ယေရှုသည် -

က။ ကယ်တင်သောသူ ဖြစ်သည်။

ခ။ အရှင်သခင် ဖြစ်သည်။

ဂ။ ခရစ်တော်လည်း ဖြစ်သည်။

၂။ သခင်ခရစ်တော်ကို ယုံကြည်ခြင်းဖြင့် ဘုရားသခင်၏သားသမီးများ ဖြစ်ရသောအခွင့် ရရှိကြသည်။ (ယောဟန် ၁း၁၂)

၃။ သခင်ခရစ်တော်ကို သိကျွမ်းခြင်းဖြင့် လောကီညစ်ညူးခြင်းမှ ကင်းလွတ်ကြရမည် ဖြစ်သည်။

၄။ သိကျွမ်းခြင်း (ဂရိ-epignosis/epignosei) သည် -

က။ အသေအချာ သိခြင်း၊

ခ။ အတွင်းသဘောဖြင့် သိခြင်း နှင့်

ဂ။ သိမှတ်စွဲလမ်းခြင်း စသည်တို့ဖြစ်သည်။

**တဖန်ကျော့မိ၍. . .**

၁။ သခင်ယေရှုခရစ်တော်ကို အမှန်သိကျွမ်းခြင်းဖြင့် လောကီညစ်ညူးခြင်းမှ ကင်းဝေး ကြရသော်လည်း၊

၂။ လောကီစုံစမ်းခြင်းအမျိုးမျိုး၌ နောက်တစ်ဖန် တွယ်ညို၍ ကျော့မိနိုင်သည်။

က။ လောကီအရာများက ယုံကြည်သူများကို သွေးဆောင်စေသည်။

ခ။ ယုံကြည်သူများသည် လောကီအမှုအရာများ၏ကျွန် ပြန်ဖြစ်နိုင်သည်။
၃။ ထိုသို့ကျော့မိ၍ နောက်ပြန်လှည့်သောသူ၏ အဖြစ်သည် အလွန်ပင် ဆိုးသည်။
က။ မကယ်ဆယ်နိုင်တော့သည့် အနေအထားသို့ ရောက်နေသည်။
ခ။ ခရစ်တော်ကို မယုံကြည်ခင်ထက် ပို၍ ဆိုးသောအခြေအနေသို့ ရှိနေသည်။
ဂ။ အလားတူ အခြေအနေမျိုးကို ဟေဗြဲကျမ်းပြုစုသူကလည်း သတိ ပေးသည်။ (ဟေဗြဲ ၁၀း၂၆)

## ဆင်ခြင်နှလုံးသွင်းခြင်း

၁။ နှုတ်ဖြင့်ဝန်ခံသော ခံယူချက်နှင့် လက်တွေ့အကျင့်တို့သည် တထပ်တည်း ဖြစ်ရမည်။
၂။ ခရစ်တော်၌ အမှန်လွတ်မြောက်သောသူသည် အကျင့်တရား၌ ဆက် လက် ပျက်စီးနေမည် မဟုတ်။
၃။ တစ်နည်းအားဖြင့်ဆိုသော်၊ ကယ်တင်ခြင်း အမှန်ရသောသူသည် အပြစ်၌ ဆက်လက်မွေ့လျော်နိုင်မည် မဟုတ်။ ( ၁ယော ၃း၉)
၄။ ကိုယ်ကျင့်တရား၌ ဆက်လက်ပုပ်ပျက်နေသောသူတို့သည် ပုပ်ပျက်ခြင်း ၏ ကျွန်ဖြစ်ကြသည်။ သူတို့၏ ခရီးအဆုံးသည်လည်း ပုပ်ပျက်ခြင်း ဖြစ်သည်။
၅။ ထို့ကြောင့် အကျွန်ုပ်တို့ ရွေးချယ်သောလမ်းခရီး၏ အဆုံးကို ဘုရားသခင် ၏ တရားတော်နှင့်အညီ ဆင်ခြင်ကြပါစို့။

# ဇဝံဂေလိတရားကို စွန့်ပစ်ခြင်းနှင့် အကျိုးဆက်

> ဖြောင့်မတ်ခြင်းတရားလမ်းကို သိ၍၊ မိမိခံခဲ့ပြီးသော သန့်ရှင်းသော ပညတ်ကို တဖန်စွန့်ပစ်သည်ထက်၊ ထိုလမ်းကို မသိဘဲနေသော် သာ၍ ကောင်း၏။ ခွေးသည် မိမိအန်ဖတ်ကို ပြန်၍စား၏။ ဝက်သည်လည်း ဆေးပြီးမှ ရွှံ့တွင်လူးပြန်၏ ဟု မှန်သောစကားသည် ထိုသူတို့၌ ပြည့်စုံသတည်း။ (၂ပေ ၂း၂၁-၂၂)

**ဖြောင့်မတ်ခြင်း တရားလမ်းကို. . .**

၁။ ဖြောင့်မတ်ခြင်းတရားလမ်းသည် -
- က။ ဧဝံဂေလိတရား နှင့်
- ခ။ ယုံကြည်ခြင်းတရားတို့ကို ဆိုလိုသည်။

၂။ အကြောင်းမှာ -
- က။ ပညတ်တော်ကို လိုက်နာခြင်းဖြင့် အဘယ်သူမျှ ဖြောင့်မတ်ခြင်းသို့ မရောက်နိုင်ပါ။
- ခ။ ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ရာသို့ ရောက်နိုင်သည်။
- ဂ။ အာဗြဟံသည်လည်း ထိုသို့ ဖြစ်သည်။ (ရောမ ၄း၂၃-၂၅)

**မိမိခံခဲ့သော သန့်ရှင်းသောပညတ်. . .**

၁။ 'မိမိခံခဲ့သော သန့်ရှင်းသောပညတ်' သည် -
- က။ ဧဝံဂေလိတရား နှင့်
- ခ။ ယုံကြည်ခြင်းတရားတို့ကို ဆိုလိုသည်။

၂။ ယင်းသည် သန့်ရှင်းသူတို့က အကျွန်ုပ်တို့အား ယုံကြည်စိတ်ချ၍ အပ်နှံထားသော ပညတ်ဖြစ်သည်။
၃။ တစ်နည်းအားဖြင့်ဆိုသော်၊ ထိုသန့်ရှင်းသောပညတ်သည် 'သန့်ရှင်းသူတို့၌ အထက်ကအပ်ပေးခဲ့ပြီးသော ယုံကြည်ခြင်းတရား' ဖြစ်သည်။ (ယုဒ ၁း၃)

**ထိုလမ်းကို မသိဘဲနေသော် သာ၍ ကောင်း၏. . .**

၁။ ထိုပညတ်ကို မသိဘဲနေခြင်းသည် (၄င်းကို) သိရှိခံယူပြီးနောက် စွန့်ပစ်ခြင်းထက် သာ၍ ကောင်းသည်။
၂။ အကြောင်းမှာ -
က။ သန့်ရှင်းသောပညတ်ကို စွန့်ပစ်သောသူတို့သည် -
- မိမိအန်ဖတ်ကို ပြန်၍စားသော ခွေးနှင့်တူသည်။
- ရွံ့ပေ၍ ဆေးကြောပြီးမှ ထိုရွံ့၌ ပြန်၍လူးသော ဝက်နှင့်တူသည်။
ခ။ သန့်ရှင်းသောပညတ်ကို စွန့်ပစ်သောသူတို့သည် အယုတ်ညံ့ဆုံးသော ဤခွေးနှင့်ဝက်တို့နှင့်ပင် ထပ်တူပေသည်။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ ဘုရားသခင်သည် ယုံကြည်သူများအပါအဝင် အဘယ်သူကိုမျှ အတင်းအဓမ္မဖြင့် ဦးဆောင်ခြင်း မပြုပါ။ ထို့ကြောင့် အချို့သောသူတို့သည် မိမိတို့ခံယူပြီးသော ဧဝံဂေလိတရားကို စွန့်ပစ်၍ ခွေးနှင့်ဝက် အလားပင် ဖြစ်သွားကြသည်။
၂။ အထူးသဖြင့် ကယ်တင်ခြင်းကို ခံရပြီးသောသူတိုင်းသည် အမှန်လွတ်မြောက်ကြသည်။

၃။ ထိုသို့ ခရစ်တော်၌ အမှန်လွတ်မြောက်သောသူသည်  ဖြောင့်မတ်ရာ လမ်းကို ရွေးချယ်၍ လျှောက်လှမ်းဖို့ မည်သည့်အတားအဆီးမျှ မရှိ နိုင်ရာ။

၄။ အကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင် ခံယူခဲ့ပြီးသော ဧဝံဂေလိတရား တော်နှင့်အညီ ဆက်လက်၍ ကျင်လည်ကြရမည် ဖြစ်သည်။

# အခန်းကြီး (၃)

## ပရောဖက်တို့၏ စကားနှင့် တမန်တော်တို့၏ ပညတ်ကို အောက်မေ့ခြင်း

> ချစ်သူတို့၊ ဤဒုတိယသြဝါဒစာကို သင်တို့အား ယခု ငါရေး၍ ပေးလိုက်၏။ သန့်ရှင်းသော ပရောဖက်တို့သည်၊ အထက်ကဟောပြောသောစကားများကို ၎င်း၊ ကယ်တင်တော်မူသော အရှင်သခင်ဘုရား၏ တမန်တော်ဖြစ်သော ငါတို့၏ ပညတ်ကို ၎င်း၊ သင်တို့သည် အောက်မေ့စေခြင်းငှါ၊ ဤစာနှစ်စောင်၌ သင်တို့၏ ကြည်ဖြူသော စိတ်ဝိညာဉ်တို့ကို ငါသတိပေး၍ နိုး ဆော်၏။ (၂ ပေ ၃း၁-၂)

**ချစ်သူတို့**

၁။ ပေတရု၏ စာဖတ်ပရိသတ်များကို ရည်ညွှန်းသည်။

၂။ ပေတရု၏ စာဖတ်ပရိသတ်များသည် -

က။ ဘုရားသခင်၏ သိုးစု ဖြစ်ကြသည်။

ခ။ ယုံကြည်သူ ညီအစ်ကိုမောင်နှမများ ဖြစ်ကြသည်။

၃။ ပေတရုသည် သူ၏စာဖတ်ပရိသတ်များကို အမှန်ချစ်မြတ်နိုးသည်။

**ဤဒုတိယသြဝါဒစာကို. . .**

၁။ ပေတရုသည် ပထမသြဝါဒစာနှင့် ဤဒုတိယသြဝါဒစာတို့ကို ရည်ရွယ်ချက်ရှိရှိနှင့် ရေးသားပြုစုသည်။

၂။ ရည်ရွယ်ချက်မှာ -

က။ ပရောဖက်တို့ ဟောပြောသောစကားများ နှင့်

ခ။ တမန်တော်တို့ ပေးသောပညတ်ကို အောက်မေ့ကြစေရန်ဖြစ်သည်။

**ဤစာနှစ်စောင်၌ သင်တို့၏ ကြည်ဖြူသောစိတ်ဝိညာဉ်. . .**

၁။ ပေတရုသည် စာဖတ်ပရိသတ်တို့၏ ကြည်ဖြူသော စိတ်ဝိညာဉ်တို့ကို သတိပေးနိုးဆော်ခြင်းဖြင့် အောက်ပါတို့ကို အောက်မေ့စေသည်။

က။ ပရောဖက်တို့၏ စကားများ နှင့်

ခ။ တမန်တော်တို့၏ ပညတ်ချက်တို့ ဖြစ်သည်။

၂။ 'စိတ်ဝိညာဉ်' (ဂရိ-dianoia/dianoia) သည် -

က။ dia + nous ဖြစ်သည်။

ခ။ နက်ရှိုင်းသော စိတ်ကူး၊

ဂ။ ဆင်ခြင်တုံဉာဏ်၊

ဃ။ အသိဉာဏ် စသည်တို့ဖြစ်သည်။

၃။ ပေတရုသည် စာဖတ်ပရိသတ်တို့၏ အသိဉာဏ်(ဆင်ခြင်တုံဉာဏ်) ကို အပြည့်အဝ နိုးထစေခြင်းဖြင့် ပရောဖက်တို့၏ စကားများနှင့် တမန်တော်တို့၏ ပညတ်တို့ကို အောက်မေ့စေသည်။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ ပေတရုသည် မိမိ၏ စာဖတ်ပရိသတ်များနှင့် ချစ်ခင်ရင်းနှီးလျက်ရှိသည်။

၂။ သူရေးသားပြုစုသော ဩဝါဒစာနှစ်စောင်စလုံးသည် မေတ္တာကို အခြေခံ၍ ရေးသားပေးပို့လိုက်သည်မှာ လုံးဝ ငြင်းဖွယ်ရာမရှိပေ။

၃။ ပေတရုဩဝါဒစာနှစ်စောင်စလုံး၏ ရည်ရွယ်ချက်မှာ -

က။ ပရောဖက်တို့၏ စကားများနှင့်

ခ။ တမန်တော်တို့၏ ပညတ်တို့ကို အောက်မေ့နေကြရန်ဖြစ်သည်။

၄။ ပေတရုသည် စာဖတ်ပရိသတ်တို့၏ ဖြူစင်သော အသိဉာဏ် (ဆင်ခြင်တုံဉာဏ်)ကို သတိပေး၍ အပြည့်အဝ နိုးထစေသည်။ ထိုမှသာ ပရောဖက်တို့၏ စကားများနှင့် တမန်တော်တို့၏သွန်သင်ချက် များကို အောက်မေ့နိုင်ကြမည် ဖြစ်သည်။

၅။ ကျွန်ုပ်တို့သည်လည်း မိမိတို့၏ ဖြူစင်သောအသိစိတ်ကို သတိပေး နိုးထစေခြင်းဖြင့် သမ္မာကျမ်းစာကို လေ့လာဆည်းပူးကြစို့။

# နှုတ်ကပတ်တော်ကို သရော်လှောင်ပြောင်သော သူများ

> ရှေးဦးစွာ သိမှတ်အပ်သောအရာဟူမူကား၊ နောက်ဆုံးသောကာလ၌ ပြက်ယယ်ပြုတတ်သော သူတို့သည်၊ မိမိတို့တပ်မက်ခြင်းအတိုင်းကျင့်နေ၍၊ သခင်ဘုရားကြွလာမည် ဟူသောကတိသည် အဘယ်မှာရှိသနည်း။ ဘိုးဘေးများအိပ်ပျော်သည်နောက်၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းစက ဖြစ်သကဲ့သို့၊ ဖြစ်မြဲဖြစ်ကြ၏ ဟုဆိုလျက်၊ ကဲ့ရဲ့ခြင်းနှင့်တကွ ပေါ်လာကြလိမ့်မည်။ (၂ပေ ၃း၃-၄)

**ရှေးဦးစွာ သိမှတ်အပ်သော အရာဟူမူကား. . .**

၁။ အရင်ဦးဆုံး သိအပ်သောအရာမှာ နောက်ဆုံးသောကာလ၌ ပြက်ယယ်ပြုတတ်သောသူတို့ ရောက်လာလိမ့်မည်။

၂။ သမ္မာသစ်ကျမ်းစာကို ပြုစုရေးသားသောသူတို့သည် ဤအချက်ကို သတိပေးကြသည်။

ကံ။ ပေါလု၊ ( ၁တိ ၄း၁-၂)

ခ။ ယောဟန်၊ (၁ ယောဟန် ၂း၁၈)

ဂ။ ယုဒ၊ (ယုဒ ၁း၁၈)

၃။ ကျိန်းသေ သိရမည့်အချက်မှာ ဤနောက်ဆုံးသောကာလ၌ ဘုရားသခင်သည် သားတော် သခင်ခရစ်တော်အား စကားပြောတော်မူသည်။ (ဟေဗြဲ ၁း၁-၂)

**ပြက်ယယ်ပြုတတ်သော သူတို့သည် . . .**

၁။ ဘုရားသခင်၏ စကားကို သရော်သောသူများ၊
၂။ သမ္မာကျမ်းစာကို လှောင်ပြောင်သောသူများ နှင့်
၃။ မိစ္ဆာဆရာသမားများ ဖြစ်ကြသည်။
၄။ ပြက်ယယ်ပြုတတ်သောသူတို့သည် -
  က။ မိမိတို့၏ မကောင်းသောဆန္ဒအတိုင်း ကျင့်ကြသည်။
  ခ။ မိမိတို့၏ တပ်မက်ခြင်းနောက်သို့ လိုက်သွားကြသည်။
  ဂ။ ဘုရားသခင်၏ကတိတော်ကို ကဲ့ရဲ့ခြင်းနှင့်တကွ သရော်ကြသည်။

**အဘယ်သို့ ဘုရားသခင်ကို သရော်လှောင်ပြောင်ကြသနည်း။**

၁။ သခင်ခရစ်တော်၏ ကြွလာခြင်းနှင့် စပ်လျဉ်းသော ကတိတော်ကို လှောင်ပြောင်ကြသည်။
  က။ ယနေ့တိုင် သခင်ခရစ်တော် ကြွလာခြင်း မရှိသေးသည်ကို အကြောင်းပြု၍ ဘုရားသခင်၏ ကတိတော်ကို ကဲ့ရဲ့ကြသည်။
  ခ။ ဘိုးဘေးတို့ သေလွန်ပြီးနောက် ယခုအချိန်အခါထိ မည်သည့်အရာမျှ ပြောင်းလဲခြင်းမရှိသည်ကို ထောက်ပြလျှက် ဘုရားသခင်၏ ကတိတော်ကို မယုံသင်္ကာ ရှိကြသည်။
  ဂ။ အရာခပ်သိမ်းတို့ကို ဖန်ဆင်းစကတည်းက အခုချိန်ထိ ဖြစ်မြဲဖြစ်စဉ်အတိုင်း ဖြစ်ကြသည်ကို ထောက်ပြ၍ ဘုရားသခင်၏ ကတိစကားကို ပြောင်လှောင်ကြသည်။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ ယနေ့ ကျွန်ုပ်တို့ခေတ်သည် နောက်ဆုံးသောကာလပင် ဖြစ်သည်။
၂။ ဤနောက်ဆုံးသောကာလ၌ ဘုရားသခင်၏ ကတိတော်ကို သရော်သောသူများ ပေါ်ထွက်လာလိမ့်မည်။ ထိုသူတို့ကို 'ပြက်ယယ်ပြုတတ်သောသူတို့' ဟု ခေါ်သည်။

၃။ ပြက်ယယ်ပြုတတ်သောသူတို့သည် အမှန်တရားကို ဟာသလုပ်၍၊ မိမိ
တို့၏ စိတ်အလိုအတိုင်း နေထိုင်ကြလိမ့်မည်။ မကောင်းသောတပ်မက်
ခြင်း၏ နောက်သို့ လိုက်သွားကြလိမ့်မည်။
၄။ အမှန်တရားကို သရော်ခြင်း (ဟာသလုပ်ခြင်း)သည် နှုတ်စကား၌သာ
မဟုတ်ဘဲ အထူးသဖြင့် အသက်တာ၌ ထင်ရှားသည်။ ဘုရားသခင်၏
ကတိစကားများနှင့်အညီ အသက်မရှင်ခြင်းပင် ဖြစ်သည်။
၅။ ပြက်ယယ်ပြုတတ်သောသူများကဲ့သို့မဟုတ်ဘဲ၊ ဘုရားသခင်၏ ကတိ
တော်နှင့်အညီ အသက်ရှင်ကြပါစို့။

# ဖြစ်တည်ခြင်းနှင့် ဖျက်ဆီးခြင်း

ရှေးကာလ၌ မိုဃ်းကောင်းကင်ကိုင်၄င်း၊ ရေထဲကထွက်၍ ရေဖြင့်တည်သော မြေကြီးကို၄င်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ဖြစ်စေတော်မူကြောင်းနှင့်၊ ဖြစ်ဖူးသော လောကဓာတ်ကို ထိုသို့အားဖြင့် ရေနှင့်လွှမ်းမြှုပ်၍ ဖျက်ဆီးကြောင်းကို ထိုသူတို့သည် မှတ်မိချင်သောစိတ်မရှိကြ။ ယခုရှိသောမိုဃ်းကောင်းကင်နှင့် မြေကြီးမူကား၊ တရားဆုံးဖြတ်၍ အဓမ္မလူတို့ကို ဖျက်ဆီးသော နေ့ရက်တိုင်အောင်၊ ထို နှုတ်ကပတ်တော်အားဖြင့် သိုထားလျက်ရှိ၍၊ မီးရှို့ခြင်းအဘို့ အလိုငှါ နေရစ်သတည်း။ ( ၂ပေ ၃း၅-၇)

**ရှေးကာလက မိုးကောင်းကင်နှင့် မြေကြီး**

၁။ ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် -
- က။ မိုးကောင်းကင်နှင့်
- ခ။ ရေထဲကထွက်၍ ရေဖြင့် (ရေပေါ်မှာ) တည်သော မြေကြီး တို့သည် ဖြစ်တည်ခဲ့ကြသည်။

၂။ ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ထိုလောကကမ္ဘာကြီးကို ရေမြှုပ်၍ဖျက်ဆီးခဲ့သည်။

၃။ ဘုရားသခင်၏ နှုတ်ထွက်စကားကို ပြက်ယယ်ပြုတတ်သောသူတို့သည် ထိုအခြင်းအရာများကို တမင်သက်သက် မေ့ပျောက်ကြသည်။

၄။ တစ်နည်းအားဖြင့်ဆိုသော်၊ နှုတ်ကပတ်တော်အတိုင်း မကျင့်လိုသော သူတို့သည် ထိုနှုတ်ကပတ်တော်၏ အရေးပါပုံကို သိလိုစိတ်၊ မှတ်မိလိုစိတ် မရှိကြပေ။

## ယခုကာလရှိ မိုးကောင်းကင်နှင့်မြေကြီး

၁။ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် -
   က။ လက်ရှိ မိုးကောင်းကင်နှင့်
   ခ။ လက်ရှိအကျွန်ုပ်တို့ နေထိုင်ရာ မြေကြီးတို့သည် တည်ရှိကြသည်။
၂။ လက်ရှိ မိုးကောင်းကင်နှင့် ကမ္ဘာမြေကြီးတို့သည် (လက်ရှိအခြေအနေ အတိုင်း) ထာဝရတည်မည် မဟုတ်။ တစ်နေ့ မီးရှို့ခြင်း (မီးရှုး၍ ဆေးကြောခြင်း) ခံရဦးမည် ဖြစ်သည်။
၃။ ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် လက်ရှိမိုးကောင်းကင်နှင့် မြေကြီးတို့သည် တရားဆုံးဖြတ်၍ အဓမ္မလူတို့ကို ဖျက်ဆီးသောနေ့ ရက်တိုင်အောင် သိုထားလျက်ရှိသည်။
၄။ ဘုရားသခင်သည် အဓမ္မလူ (ဘုရားတရား မရှိသောသူ) တို့ကိုဖျက်ဆီး သောနေ့၌ လက်ရှိကောင်းကင်နှင့် မြေကြီးကို မီးရှို့၍ဆေးကြော မည် ဖြစ်သည်။

**ဆင်ခြင်နှလုံးသွင်းခြင်း (ယောဟန် ၁၂း၄၈)**

၁။ ဖြစ်တည်သော အရာခပ်သိမ်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်သည်။

၂။ အပြစ်ရှိသောသူတို့ကို ဒဏ်ခပ်ခြင်းနှင့် ဖျက်ဆီးခြင်း စသည်တို့သည်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်သည်။

၃။ လက်ရှိ အဓမ္မလူ (ဘုရားသခင်ကို မကြောက်သောသူ) တို့ကိုလည်း ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် တရားစီရင်ဦးမည်ဖြစ်သည်။

၄။ ထို့ကြောင့် ဘုရားသခင်၏ ကတိတော်အတိုင်းသာ ဆက်လက်ကျင်လည်ကြပါစို့။

## ထာဝရဘုရား၏သည်းခံခြင်း

ချစ်သူတို့၊ ထာဝရဘုရားမှာ ကာလ တရက်သည်၊ အနှစ်တထောင်ကဲ့သို့၄င်း၊ အနှစ်တထောင်သည် တရက်ကဲ့သို့၄င်း ဖြစ်သည်အရာတခုကို မမေ့လျော့ကြနှင့်။ လူအချို့တို့သည်၊ နှေးခြင်းကို မှတ်သည်အတိုင်း၊ ထာဝရဘုရားသည် ကတိတော်အရာမှာ နှေးတော်မမူပါ။ ငါတို့တွင် အဘယ်သူမျှ မပျက်စီးဘဲ၊ ရှိသမျှတို့သည် နောင်တရစေခြင်းငှါ အလိုတော်ရှိ၍၊ ငါတို့ကို သည်းခံတော်မူ၏။

(၂ပေ ၈-၉)

**ကာလအချိန်ကို နားလည်ခြင်း**

၁။ အချိန်ကာလသည် အလွန်နက်ရှိုင်းသော အရာဖြစ်သည်။
၂။ အချိန်ကာလကို အောက်ပါအတိုင်း ရှုမြင်ကြရမည်။
  က။ လူသားတို့ အချိန်ကာလ၊
  ခ။ ဘုရားသခင် အချိန်ကာလ၊

**ဘုရားခင် အချိန်ကာလနှင့် လူသားတို့ အချိန်ကာလ**

၁။ လူသားတို့သည် အချိန်ကာလကို ပိုင်းခြား၍ နားလည်သည်။
၂။ ဘုရားသခင်သည် အချိန်ကာလကို လူသားတို့ပိုင်းခြားသည့်အတိုင်း ရှုမြင်သည် မဟုတ်။

၃။ ဘုရားသခင်မှာ -
   က။ တရက်သည် အနှစ်တထောင်ကဲ့သို့ လည်းကောင်း၊
   ခ။ အနှစ်တထောင်သည် တရက်ကဲ့သို့ လည်းကောင်း ဖြစ်သည်။
၄။ အချိန်ကာလသည် ဘုရားသခင်ကို စိုးမိုးသည်မဟုတ်။ ဘုရားသခင်ကသာ အချိန်ကာလကို အုပ်စိုးတော်မူသည်။ ဘုရားသခင်ကို အချိန်ကာလအားဖြင့် အခြေခံ၍ ဝေဖန်သုံးသပ်ခြင်း မပြုသင့်ပေ။
၅။ ဤအချက်သည် လုံးဝမမေ့လျော့သင့်သော အမှန်တရား ဖြစ်သည်။

**လူအချို့တို့သည်. . .**

၁။ ကာလအချိန်ကို အခြေခံ၍ ဘုရားသခင်ကို သုံးသပ်ဝေဖန်သောသူတို့ကို ရည်ညွှန်းသည်။
၂။ ထိုလူအချို့တို့သည် -
   က။ သခင်ဘုရားသည် ယနေ့တိုင် ပြန်ကြွလာခြင်း မရှိသေးဟူ၍ငင်း၊
   ခ။ ဘုရားသခင်သည် ယနေ့တိုင် ဘုရားတရားမရှိသော သူတို့ကို မဖျက်ဆီးသေးဟူ၍ငင်း၊
   ဂ။ ဘုရားသခင်သည် မိမိ၏ ကတိတော်ကို အကောင်အထည်ဖော်ရာ၌ နှေးတော်မူသည်ဟူ၍ငင်း ဆိုတတ်ကြသည်။
၃။ ဤကဲ့သို့သော အမြင်နှင့် ခံယူချက်သည် လုံးဝမှားနေသည်။

**ထာဝရဘုရားသည်. . .**

၁။ ထာဝရဘုရားသည် အချို့သောသူတို့ထင်မြင်သည့်အတိုင်း ကတိအရာ၌ နှေးတော်မမူ။
၂။ အမှန်မှာ ထာဝရဘုရားသည် အကျွန်ုပ်တို့ကို သည်းခံတော်မူသည်။

၃။ အကြောင်းမှာ ဘုရားသခင်သည် -
  က။ ဘယ်သူ့ကိုမျှ ဖျက်ဆီးရန် အလိုမရှိ။
  ခ။ အကျွန်ုပ်တို့အားလုံးကို နောင်တရစေခြင်းရန် အလိုရှိသည်။
  ဂ။ တစ်နည်းအားဖြင့်၊ ဤတရားကို ကြားနာသောသူတိုင်း ကယ်တင်ခြင်းသို့ ရောက်စေခြင်းငှါ အလိုရှိသည်။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ ဘုရားသခင်က သူ့ကတိတော်ကို ချက်ခြင်း အကောင်အထည် မဖော်ဘဲ နှေးနေရခြင်းသည် ကျွန်ုပ်တို့ကို သည်းခံနေသောကြောင့်ပင် ဖြစ်သည်။
၂။ ထာဝရဘုရားသည် ကျွန်ုပ်တို့အယောက်စီတိုင်းကို နောင်တရ၍ သူ့ထံသို့ ဦးလှည့်လာမည့် အချိန်အခါကို စိတ်ရှည်စွာစောင့်နေသည်။
၃။ ဤသို့ သည်းခံခြင်းသည် ဘုရားသခင်၏ ကောင်းမြတ်ခြင်းကြောင့် သတ်သတ် ဖြစ်သည်။ (ရောမ ၂း၄)
၄။ ဤအမှုအရာကြောင့် ကျွန်ုပ်တို့သည် အချိန်မီနောင်တ အမှန်ရသင့်သည်။
၅။ ထို့ကြောင့် ကတိတော်နှင့်အညီ မျှော်လင့်နေကြရမည် ဖြစ်သည်။

# ထာဝရဘုရား၏ နေ့ရက်အတွက်ပြင်ဆင်ခြင်း

သူခိုးသည် ညဥ့်အခါလာသကဲ့သို့၊ ထာဝရဘုရား၏ နေ့ရက်သည် လာလိမ့်မည်။ ထိုနေ့ရက်၌ မိုဃ်းကောင်းကင်သည် ကြီးစွာသောအသံနှင့် တကွ ပျောက်သွားလိမ့်မည်။ လောကဓာတ်တို့သည် ပူအားကြီး၍ ပျက်ကြလိမ့်မည်။ မြေကြီးကိုယ်မှစ၍၊မြေကြီးပေါ်မှာ ပြုလုပ်သမျှသောအရာတို့သည် ကျွမ်းလောင်ကြလိမ့်မည်။ သို့ဖြစ်၍၊ ဤအရာအလုံးစုံတို့သည် ကုန်စင်မည်မှန်သောကြောင့်၊ မိုဃ်းကောင်းကင်သည် မီးနှင့်ပျက်၍ လောကဓာတ်တို့သည် ပူအားကြီးလျက်၊ အရည်ကျိုခြင်းကိုခံရသောနေ့တည်းဟူသော၊ ဘုရားသခင်၏ နေ့ရောက်လိမ့်မည်ဟု သင်တို့သည် မျှော်လင့်တောင့်တလျက်၊ သန့်ရှင်းသောအကျင့်ကို ကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းအားဖြင့်၊ အဘယ်သို့သောသူ ဖြစ်အပ်ကြသနည်း။

(၂ ပေ ၃း၁၀-၁၂)

**ထာဝရဘုရားသခင်၏နေ့ရက်**

၁။ သူခိုးကဲ့သို့ တိတ်တခိုး လာလိမ့်မည်။
၂။ ညအချိန် (မမျှော်လင့်သောအချိန်)၌ ရောက်လာလိမ့်မည်။
၃။ ထိုနေ့ရက်ကို အစဉ်သတိနှင့် စောင့်မျှော်နေရမည်။

**ထာဝရဘုရားသခင်၏ နေ့ရက်၌**

၁။ မိုးကောင်းကင်သည် ကြီးစွာသောအသံနှင့် ပျောက်ကွယ်သွားလိမ့်မည်။
၂။ လောကကမ္ဘာသည် လောင်ကျွမ်းသောအပူရှိန်ကြောင့် ပျက်စီးလိမ့်မည်။

၃။ မြေကြီးနှင့် မြေကြီးပေါ်၌ ရှိသမျှသောအရာတို့သည် ကျွမ်းလောင်ခြင်း
သို့ ရောက်ကြလိမ့်မည်။
၄။ ထိုနေ့ရက်သည် အလွန်ကြောက်မက်ဖွယ်ကောင်းသောနေ့ဖြစ်သည်။

**သို့ဖြစ်၍. . .**

၁။ 'သို့ဖြစ်၍' သည် စကြဝဠာတစ်ခုလုံး အမှန်ပျက်စီးမည် -
က။ ဖြစ်သောကြောင့်၊
ခ။ ဖြစ်သည်နှင့်အညီ၊
ဂ။ ဖြစ်သည်အားလျော်စွာ ဟု ဆိုလိုသည်။
၂။ ဘုရားသခင်၏ နေ့ရက်၌ မိုးကောင်းကင်သည် မီးနှင့်ပျက်၍၊ လောက
ဓာတ်သည် ပူအားကြီးသောကြောင့် အရည်ကျို၍ ပျက်စီးခြင်းသို့
ရောက်ကြမည်ကို ဆန္ဒရှိရှိ မျှော်လင့်တောင်းတလျက် -
က။ အဘယ်သို့သောသူ ဖြစ်အပ်ကြသည်ကို ဆင်ခြင်ကြရပါမည်။
ခ။ သန့်ရှင်းသောအကျင့်ကို ကျင့်သောသူနှင့် ဘုရားဝတ်၌ မွေ့လျော်
သောသူ ဖြစ်ကြရပါမည်။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ ဘုရားသခင်၏ နေ့ရက်သည် အမှန် ရောက်လာလိမ့်မည်။
၂။ ကတိတော်နှင့်အညီ သူနေ့ရက်ကို မျှော်လင့်သောသူသည် -
က။ ဘုရားသခင်သည် ကတိတော်အရာမှာ နှေးသည် မဟုတ်၊ ကျွန်ုပ်တို့
အား သည်းခံနေခြင်းသာ ဖြစ်သည်ဟု နားလည်သည်။ (၂ပေ ၃း၉)
ခ။ ထိုကတိတော်ကို အစဉ်မျှော်လင့်လျက် သန့်ရှင်းသောအကျင့်ကို
ကျင့်နေရမည် ဖြစ်သည်။

၈။ ဘုရားဝတ် (ဘုရားစေခိုင်းသည့်အမှု)၌ ကျေနပ်ဝမ်းမြောက်နေမည်ဖြစ်သည်။

၃။ ဤသို့ဖြင့် ဘုရားသခင်၏နေ့ရက်ကို အသက်တာပြင်ဆင်လျက်စောင့်ကြပါစို့။

# ကတိတော်နှင့်အညီ မျှော်လင့်ခြင်း

ယခုရှိသမျှသော အရာတို့သည် ပျက်ရသော်လည်း၊ ဖြောင့်မတ်ခြင်းတရား တည်နေရာ မိုယ်းကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ငါတို့သည် ကတိတော်နှင့်အညီ မြော်လင့်ကြ၏။ ထိုသို့ မြော်လင့်ခြင်းရှိသောကြောင့်၊ ချစ်သူတို့ သင်တို့သည် အညစ်အကြေးနှင့် ကင်းစင်၍ အဘယ်အပြစ်မျှ မပါဘဲ၊ ရှေ့တော်သို့ ငြိမ်ဝပ်စွာရောက်မည်အကြောင်း ကြိုးစားအားထုတ်ကြလော့။ ( ၂ပေ ၃း၁၃-၁၄)

**ယခုရှိသမျှသော အရာတို့သည် ပျက်ရသော်လည်း. . .**

၁။ လက်ရှိ မိုးကောင်းကင်နှင့် ကမ္ဘာမြေကြီးသည် - ဘုရားသခင်၏ နေ့ရက် ရောက်သောအခါ ပျက်စီးကြမည်။ (၂ပေ ၃း၁၁-၁၂)

၂။ တစ်နည်းအားဖြင့်ဆိုသော်၊ ဘုရားသခင်၏ နေ့ရက်၌ လက်ရှိစကြဝဠာနှင့် ထိုစကြဝဠာ၌ ရှိသမျှသောအရာတို့သည် ပျက်စီးခြင်းသို့ ရောက်ကြမည်။

၃။ သို့သော်၊ ဘုရားသခင်သည် ဖြောင့်မတ်ခြင်းတည်နေရာ မိုးကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ဖန်းဆင်းတော်မူမည်။ (ဗျာဒိတ် ၂၁း၁-၄)

၄။ တစ်နည်းအားဖြင့်၊ ဖြောင့်မတ်ခြင်းတည်နေရာ ကောင်းကင်သစ်နှင့် မြေကြီးသစ်သည် ဘုရားသခင်၏ နိုင်ငံတော်ပင် ဖြစ်သည်။ (ရောမ ၁၄း၁၇)

၅။ ယုံကြည်သောသူတို့သည် ကတိတော်နှင့်အညီ -
က။ ဘုရားသခင်၏ နေ့ရက်ကို အစဉ်မျှော်လင့်စောင့်စားနေရမည်။
(၂ပေ ၃း၁၂)
ခ။ ကောင်းကင်သစ်နှင့် မြေကြီးသစ်ကိုလည်း မျှော်လင့်နေရမည်။

**ထိုသို့ မျှော်လင့်ခြင်း ရှိသောကြောင့်. . .**

၁။ ဘုရားသခင်၏ နှုတ်ထွက်စကားတော်ကို အမှန်ယုံကြည်သောသူသာလျှင် ထိုစကားတော်အတိုင်း အမှန်မျှော်လင့်ရဲကြသည်။

၂။ ဖြောင့်မတ်ခြင်းတရားတည်ရာ ကောင်းကင်သစ်နှင့် မြေကြီးသစ်ကို မျှော်လင့်စောင့်စားသော သူတို့သည် စိတ်ဓါတ်နှင့် ကိုယ်ကျင့်ဆိုင်ရာ အညစ်အကြေးနှင့် ကင်းစင်၍၊ မည်သည့်အပြစ် အနာအဆာမျှ မပါဘဲ ရှေ့တော်သို့ ငြိမ်ဝပ်စွာ ရောက်မည်အကြောင်း ကြိုးစားအားထုတ်ရမည်။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ ယုံကြည်သူများသည် ဖြောင့်မတ်ခြင်းကို တောင်းတသောသူများ ဖြစ်ကြသည်။ (၂ပေ ၂း၈)

၂။ ကောင်းကင်နိုင်ငံတော်သည် ဖြောင့်မတ်ခြင်းကို တောင်းတသောသူများအတွက် ဖြစ်သည်။ (မဿဲ ၅း၁၀)

၃။ ဘုရားသခင်၏ ကတိတော်နှင့်အညီ၊ ဖြောင့်မတ်ခြင်းတရားတည် နေရာ ကောင်းကင်သစ်နှင့် မြေကြီးသစ် စံစားမည်ကို မျှော်လင့်တောင်းတ နေရမည်။

၄။ ထိုဖြောင့်မတ်ခြင်းတရားတည်ရာ ကောင်းကင်နိုင်ငံ (ဘုရားသခင်၏ ရှေ့တော်) သို့ ငြိမ်ဝပ်စွာ ဝင်ရောက်နိုင်ရန်အတွက် အပြစ်ဟူသမျှကို ရှောင်၍ အသက်ရှင်ရမည်။

၅။ ကတိတော်နှင့် မျှော်လင့်သောသူတို့သည် ဤကဲ့သို့ပင် အသက်ရှင် ရကြမည် ဖြစ်သည်။

## ကျမ်းစာနှင့် အနက်ဖွင့်ခြင်း

ငါတို့ချစ်သော ညီပေါလုသည်၊ မိမိခံရသောဉာဏ်ပညာအတိုင်း သင်တို့အား ရေး၍ပေးလိုက်သောစာ၌ ၎င်း၊ သူသည် ဤအရာများကိုပြော၍ စီရင်သော ဩဝါဒစာ ရှိသမျှတို့၌ ၎င်း ပါသည်နှင့်အညီ၊ ငါတို့ သခင်ဘုရား သည်းခံတော်မူခြင်းသည် ကယ်တင်မည့် အကြောင်းဖြစ်သည်ဟု မှတ်ကြလော့။ ထိုစာတို့၌ ခက်ခဲသောအရာ အချို့ရှိ၏။ မတတ်သောသူ၊ တည်ကြည်ခြင်း မရှိသောသူတို့သည်၊ ထိုအရာမှစ၍ ကြွင်းသောကျမ်းစာ၏ အနက်ကိုမှောက်လှန်၍၊ ကိုယ်ကို ကိုယ် ဖျက်ဆီးတတ်ကြ၏။

(၂ ပေ ၃း၁၅-၁၆)

**ပေါလုနှင့် သူ၏ ဩဝါဒစာများ**

၁။ ပေါလုသည် ပေတရုထက် အသက်အရွယ်အားဖြင့် ငယ်သည်။

က။ ထို့ကြောင့် ပေတရုသည် ပေါလုကို 'ညီပေါလု' ဟု ခေါ်သည်။

ခ။ တမန်တော်ပေတရုနှင့် အပေါင်းအပါတို့သည် ပေါလုကို ယုံကြည်စိတ်ချသည့်အပြင် ချစ်လည်းချစ်ကြသည်။

ဂ။ ပေတရုနှင့် စာဖတ်ပရိသတ်များသည် ပေါလုကို သိကျွမ်း၍ ခင်မင်ကြသည်။

၂။ ဘုရားသခင်သည် ပေါလုကို ဉာဏ်ပညာပေးသည်။ ပေါလုသည် ထိုခံရသော ဉာဏ်ပညာအားဖြင့် -

က။ သင်းအုပ်ပေးစာများကို လည်းကောင်း၊

ခ။ သြဝါဒစာများကိုလည်းကောင်း ရေး၍ ပေးလိုက်သည်။

၃။ ပေါလုရေး၍ ပေးလိုက်သောစာများ၌ ပါရှိသည်အတိုင်း၊ သခင်ဘုရား၏ သည်းခံတော်မူခြင်းသည် ကယ်တင်ခြင်းအလို့ငှါ ဖြစ်သည်ဟု မှတ်ယူကြရမည်။ ဆိုလိုသည်မှာ သခင်ဘုရားသည် ယခုအချိန်အခါထိတိုင် ပြန်ကြွမလာသေးခြင်းမှာ အကျွန်ုပ်တို့ရှိသမျှကို နောင်တအမှန်ရ၍ ကယ်တင်ခြင်း ရစေလိုသောကြောင့် ဖြစ်သည်။

**ပေါလုရေးသောစာနှင့် ကျန်ကြွင်းသောကျမ်းစာ**

၁။ ပေါလုရေးသောစာ၌ -

က။ ခရစ်တော် ဒုတိယအကြိမ်ကြွလာခြင်း နှင့်

ခ။ ယုံကြည်သူများ ကောင်းကင်ဘုံသို့ ချီဆောင်ခြင်း စသောအကြောင်းအရာများ ပါသည်။ (၁ သက် ၄း၁၃-၁၈)

၂။ ပေါလု၏ တချို့စာတို့သည် နားလည်ရန် ခက်ခဲသည်။

ဥပမာအားဖြင့် -

က။ ဘုရားသခင်၏ အကြံအစည်တော်၊

ခ။ ဘုရားသခင်ပေးသနားတော်မူသော ကယ်တင်ခြင်း နှင့်

ဂ။ ခရစ်တော်၌ ထင်ရှားသော ဘုရားသခင်၏ နက်နဲသောအရာ စသည်တို့သည် နားလည်ရန် ခက်ခဲပါသည်။ (ရောမ ၁၁း၃၂-၃၆)

၃။ ပေါလုရေးသော စာတို့သည် ကျန်ကြွင်းသော ကျမ်းစာကဲ့သို့ နားလည်ရန် ခက်ခဲကြသည်။
 က။ တစ်နည်းအားဖြင့်ဆိုသော် ပေါလုရေးသောစာများသည် ကျမ်းစာ၏ အစိတ်အပိုင်းများ ဖြစ်ကြသည်။
ခ။ ပေါလု၏ သင်းအုပ်ပေးစာများသည် ဘုရားသခင်မှုတ်သွင်းတော်မူသော ကျမ်းစာများ ဖြစ်ကြသည်။

**မတတ်သောသူ၊ တည်ကြည်ခြင်းမရှိသောသူ. . .**

၁။ မတတ်သောသူ (ဂရိ-amathes) သည် -
က။ စာမတတ်သောသူ၊
ခ။ လေ့လာသင်ယူခြင်းမရှိသောသူ နှင့်
ဂ။ မသိမိုက်မဲသောသူ စသည်တို့ ဖြစ်သည်။
၂။ တည်ကြည်ခြင်း မရှိသောသူ (ဂရိ-asteriktos/astriktoi) သည်-
က။ ခိုင်ခံ့ခြင်းမရှိသောသူ၊
ခ လေလွင့် လွယ်သောသူ နှင့်
ဂ။ အခြေတကျ မရှိသောသူ စသည်တို့ကို ဆိုလိုသည်။
၃။ ယုံကြည်ခြင်း၌ အခြေတကျ မရှိ၊ မသိမိုက်မဲသောသူတို့သည် -
က။ ပေါလုရေးသာ စာများကို လည်းကောင်း၊
ခ။ ကျန် (အခြားစာအုပ်) ကျမ်းစာတို့၏ အနက်ကို လည်းကောင်း မှောက်လှန်၍ မိမိတို့ကို ဖျက်ဆီးရာအကြောင်းတရား ဖြစ်စေကြသည်။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ ကျမ်းစာ၌ နားလည်ရန် ခက်ခဲသောအရာများစွာ ရှိသည်။
   က။ အကုန်အစင် မဖွင့်ပြ၊ မဖော်ပြသောအရာများ ရှိကြသည်။
   ခ။ ထိုအရာတို့သည် ဘုရားသခင်၏ အငန်းအတာ ဖြစ်ကြသည်။
(တရား ၂၉း ၂၉)

၂။ မသိဘဲမိုက်မဲသောသူ (မသင်ယူ၊ မလေ့လာသောကြောင့်) နှင့် ယုံကြည်ခြင်း၌ အခိုင်အမာ တည်ဆောက်ခြင်း မခံရသောသူတို့သည် ကျမ်းစာ၏ အနက်ကို မိမိလိုရာဆွဲ၍ ကိုယ်ကိုကိုယ်ဖျက်ဆီးတတ်ကြသည်။

၃။ ထို့ကြောင့် ယုံကြည်သူများသည် သတိကြီးစွာ ကျမ်းစာကို လေ့လာနှလုံးသွင်း ကြရမည်။

၄။ သခင်ဘုရားသည် အကျွန်ုပ်တို့ ရှိသမျှသောသူတို့ကို ကယ်တင်လိုသောကြောင့် သည်းခံ၍ စောင့်နေတော်မူသည်ကို သိမှတ်လျက် သခင်ဘုရားကို ချဉ်းကပ်ကြရမည် ဖြစ်သည်။

# သခင်ဘုရားကို ကောင်းချီးပေးခြင်း

သို့ဖြစ်၍၊ ချစ်သူတို့ မတရားသောသူတို့၏ ပရိယာယ်အားဖြင့်၊ သင်တို့သည်လည်း သွေးဆောင်ရာသို့လိုက်၍၊ သင်တို့တည်ကြည်ခြင်းမှ မရွေ့လျော့မည် အကြောင်း၊ ဤအရာများကို သိနှင့်ပြီဖြစ်၍၊ ကိုယ်ကိုကိုယ် စောင့်ရှောက်ကြလော့။ ကျေးဇူးတော်၌ ၎င်း၊ ငါတို့ကို ကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌ ၎င်း ကြီးပွါးကြလော့။ ထိုသခင်သည် ယခုမှစ၍ ထာဝရနေ့ရက်ကာလပတ်လုံး ဘုန်းအသရေ ရှိတော်မူစေသတည်း။ အာမင်။

(၂ ပေ ၃း၁၇-၁၈)

**သို့ဖြစ်၍. . .**

၁။ 'သို့ဖြစ်၍'သည် အထက်က -

က။ ဖော်ပြပြီးသော အရာများရှိကြောင်း ထင်ရှားသည်။

ခ။ ဖော်ပြပြီးသောအရာများ၏ အကြောင်းကြောင့်ဟု ဆိုလိုသည်။

၂။ အထက်က ဖော်ပြပြီးသောအရာများမှာ -

က။ မသိမိုက်မဲသောသူတို့သည် ကျမ်းစကား၏ အနက်ကို မှောက်လှန်၍ မိမိကိုယ်ကို ဖျက်ဆီးတတ်တတ်ကြသည်။

ခ။ ယုံကြည်ခြင်း၌ ခိုင်ခံ့စွာ တည်ဆောက်ခြင်း မရှိသောသူတို့သည် ကျမ်းစကား၏ အနက်ကို လိုရာဆွဲ၍ ကိုယ်ကိုကိုယ် ဖျက်ဆီးတတ်ကြသည်။

ဂ။ ထိုသို့သောသူတို့သည် မိစ္ဆာဆရာသမားများ၊ မိစ္ဆာပရောဖက်များနှင့် မတရားသောသူတို့၏ အပြစ်သွေးဆောင်ရာသို့ ပါသွားတတ်ကြသည်။
၄။ ထို့ကြောင့် ဤအခြင်းအရာကို သိနှင့်ပြီးသော ယုံကြည်သူတို့သည်-
 က။ မတရားသောသူတို့၏ ပရိယာယ်ကို ထိုးထွင်းသိမြင်နိုင်ရမည်။
ခ။ မတရားသောသူတို့၏ သွေးဆောင်ခြင်းကို ကျောခိုင်းရဲရမည်။
ဂ။ ကိုယ်ကိုကိုယ် သတိနှင့် စောင့်ရှောက် ကြရမည်။
၅။ သို့မှသာ ယုံကြည်သူတို့သည် တည်ကြည်ခြင်းမှ မရွေ့လျော့ဘဲအဆုံး ထိတိုင် တည်ကြည်သွားနိုင်မည် ဖြစ်သည်။

**ကျေးဇူးတော်၌ ၄င်း. . .**

၁။ ထို့အပြင် အထက်က အကြောင်းအရာများကို သိနှင့်ပြီးသော ယုံကြည်သူတို့သည် -
က။ ကျေးဇူးတော်၌ လည်းကောင်း၊
ခ။ သခင်ခရစ်တော်ကို သိကျွမ်းခြင်း၌ လည်းကောင်း ဆက်လက်ကြီးပွါး ကြရမည်။
၂။ ကျေးဇူးတော်၌ ကြီးပွါးခြင်း -
က။ ခံရသောကျေးဇူးတော်နှင့်အညီ အသက်ရှင်ရမည်။
(၂ကော ၆း၁-၂ ၊ ၁ ကော ၁၅း၁၀)
ခ။ ခံရသော ကျေးဇူးတော်၏ သွန်သင်ချက်အတိုင်း လျှောက်လှမ်းရမည်။
(တိတု ၂း၁၁-၁၃)
ဂ။ ဘုရားသခင်ရှေ့တော်၌ အမှန်နှိမ့်ချခြင်းဖြင့် ဘုရားသခင်၏ကျေးဇူး ပြုခြင်းကို ထပ်ခါတလဲလဲ ခံယူရမည်။ ( ၁ ပေ ၅း၅-၆)

၃။ သခင်ခရစ်တော်ကို သိကျွမ်းခြင်း၌ ကြီးပွါးခြင်း -

က။ သမ္မာကျမ်းစာကို ရိုးသားစွာ ခံယူခြင်းဖြင့် သခင်ခရစ်တော်ကို ပို၍ လေးနက်စွာ သိရမည်။ (ယောဟန် ၅း၄၆၊ လုကာ ၂၄း၄၄)

ခ။ သခင်ခရစ်တော်၏ မိန့်မှာချက်များကို လက်တွေ့ဖောင်ဆောင်ခြင်းဖြင့် ပို၍ နက်ရှိုင်းသော ဖွင့်ပြခြင်းကို ခံယူရမည်။ (ယောဟန် ၁၄း၂၁)

ဂ။ သခင်ခရစ်တော်၏ ပညတ်ရှိသမျှတို့ကို ကျင့်ဆောင်ခြင်းဖြင့် အလွန် ရင်းနှီးသော သခင်၏အဆွေများ ဖြစ်လာကြရမည်။ (ယောဟန် ၁၅း၁၄-၁၅)

ဃ။ သခင်ခရစ်တော်၏ စိတ်သဘောကို သန့်ရှင်းသောဝိညာဉ်တော်၏ သွန်သင်ခြင်းကို ခံယူခြင်းဖြင့် သင်ယူရမည်။ (၁ ကော ၂း၁၀-၁၆)

**ထိုသခင်သည် ယခုမှစ၍ ထာဝရနေ့ရက်ကာလပတ်လုံး. . .**

၁။ ပေတရုသည် နောက်ဆုံး၌ 'သခင်ယေရှုခရစ်တော်သည် ထာဝရဘုန်း အသရေရှိစေသတည်းဟု' ဆုတောင်း ကောင်းချီးပေးသည်။

၂။ မိမိ၏ ခန္ဓာနှင့် အသက်ဝိညာဉ် နှစ်ပါးစလုံးဖြင့် သခင်ဘုရားကို ကောင်းချီးပေးခြင်း ဖြစ်သည်။

က။ မိမိ၏ ကိုယ်ခန္ဓာ၌ (ဝါ) ကိုယ်ခန္ဓာအားဖြင့် သခင်ခရစ်တော်၏ ဘုန်းတော် ထင်ရှားစေလိုသည်။

ခ။ မိမိ၏ အသက်ဝိညာဉ်ကို ကယ်တင်ခြင်းအမှု အားဖြင့်လည်း သခင် ယေရှုခရစ်တော်၏ ဘုန်းတော် ထင်ရှားစေလိုသည်။

၃။ ပေတရုသည် မည်သည့်အခြေအနေ၌မဆို သခင်ခရစ်တော်၏ဘုန်း အသရေတော် ထင်းရှားစေခြင်းငှါ အလိုရှိ၍ ကောင်းချီးပေးခြင်း ဖြစ်သည်။

၄။ ထိုနည်းတူ ကျွန်ုပ်တို့သည်လည်း သခင်ဘုရားကို ကောင်းချီးပေးကြရန် သင့်ပေသည်။

**ဆင်ခြင်နှလုံးသွင်းခြင်း**

၁။ မိစ္ဆာဆရာသမားတို့၏ သဘောသဘာဝကို စုံလင်စွာ သိနှင့်ခြင်းဖြင့် သူတို့၏ ပရိယာယ်ကို ရှောင်ရှားနိုင်သည်။

၂။ ယုံကြည်ခြင်း၌ မိမိကိုယ်ကို ခိုင်ခံ့စွာတည်ဆောက်ခြင်းဖြင့် မတရားသောသူတို့၏ သွေးဆောင်ခြင်းကို ခုခံတိုက်လှန် နိုင်သည်။

၃။ သမ္မာကျမ်းစာကို မသင်ယူ၊ မလေ့လာဘဲ မိမိလိုရာသို့ ဆွဲ၍ အနက်ဖွင့်ဆိုခြင်းသည် မိမိကိုယ်ကို ဖျက်ဆီးနေခြင်းဖြစ်သည်။

၄။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အမှန်ကျင့်ဆောင်ခြင်းသည် သာ သခင်ဘုရားနှင့် ပို၍ သိကျွမ်းရာလမ်း ဖြစ်သည်။

၅။ မိမိတို့ ကိုယ်စီခံရသော ဘုရားသခင်၏ မျက်နှာသာပေးခြင်းကို နှိမ့်ချစွာ တုံ့ပြန်ခြင်းဖြင့် ထိုဘုရားသခင်း၏ ကျေးဇူးပြုခြင်းကိုထပ်၍ ခံရမည် ဖြစ်သည်။